ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ရက်၊ တနင်္လာနေ့၊ (31-1-2011) (၆၆၆၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်မြို့ လှိုင်သာယာ-အလုံ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း အလုံဓာတ်အားပေး စက်ရုံဝင်းအတွင်းရှိ လှိုင်သာယာ-အလုံ(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) တာဝါတိုင်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝါတိုင်တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ အမှတ်(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးဦးက RCS (2) ဘိုးပိုင်ရှပ်တိုင်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တာဝါတိုင် ကရိန်းဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးလှမြင့်က လှိုင်သာယာ-အလုံ(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) တာဝါတိုင် လေးတိုင်အတွက် Bawa Trading Co., Ltd. က တင်သွင်းသည့် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများအားလုံး ရောက်ရှိနေမှု၊ အလုံဘက်ကမ်း၌ တည်ဆောက်မည့် RCS (2) တာဝါတိုင်နှင့် ဆိပ်ကြီးဘက်ကမ်း၌ တည်ဆောက်မည့် RCS (1) တာဝါတိုင်တို့သည် တစ်တိုင်လျှင် ၃၁၆ တန် အလေးချိန်ရှိမှုနှင့် ၎င်းတာဝါတိုင်များ တပ်ဆင်ပြီးစီးပါက အမြင့် ၄၆၂ ပေရှိမည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဆည်တမံသိုလှောင်ရေများမှ တစ်ဆင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးကိုပါ ပူးတွဲတည်ဆောက်ပေးလျက်ရှိရာ ကြီးအုံကြီးဝ ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ခင်မောင်သန်း(စက်မှု)

မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းတွင် စိုက်ပျိုးမြေကေများပိုမိုလာစေပြီး လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပေးမည့် ကြီးအုံကြီးဝရေလှောင်တမံ

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးပြီး စိုက်ပျိုးဧကများတိုးတက်ရေး၊ စပါးနှင့် အခြားသီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လိုအပ်နေသော ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍကိုလည်း ဆည်တမံသိုလှောင်ရေများမှ တစ်ဆင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးကိုပါ ပူးတွဲတည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းနှစ်ရပ်လုံး တစ်ချိန်တည်း ဆောင်ရွက်ပေးနိုင်မည့် ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီ ရေလွှဲဆည်၏အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တမံနှင့် ဆက်နွှယ်နေသော အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ကြီးအုံကြီးဝရေလှောင်တမံ၏ ရေပိုလွှဲတည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

ကြေးမုံ The Mirror
၃၁-၁-၂၀၁၁
(တနင်္လာနေ့)

ခေတ်သစ် စနစ်သစ်မျှော်ရည် လက်တွဲညီညီ

ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုများ နိုင်ငံအတွင်း ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပေပြီ။ ပြည်ထောင်စုအတွင်း အသီးတစ်ရာ အညှာတစ်ခုပမာ နေရာတိုင်း၊ ဒေသတိုင်းတွင် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်လာခဲ့ကြရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ပိုမိုမြဲမြံ ခိုင်မာနေပေပြီ။

ခေတ်စနစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရသော သမိုင်းအစဉ်အလာ အတွေ့အကြုံများအရ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ညီအစ်ကိုမောင်နှမများအကြား အသက်တမျှ အရေးကြီးသည်။ တိုင်းရင်းသားအားလုံး၏ စိတ်ဓာတ်နှင့်ခွန်အားသည် နိုင်ငံ၏အား ဖြစ်သည်။ ဤစိတ်ဓာတ် ဤအင်အားများဖြင့် နိုင်ငံကို နှောင့်ယှက်ဖျက်ဆီးမည့် မည်သည့်အန္တရာယ်ကိုမဆို တွန်းလှန်ကာကွယ် တားဆီးသွားကြရပေမည်။

အတိတ်သမိုင်း ခေတ်တစ်လျှောက် ခေတ်ကာလအမျိုးမျိုးတို့ကို ဖြတ်သန်းခဲ့ရပြီ။ ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီ။ ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပေးခဲ့ပြီ။ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်အဆင့်ဆင့် အစည်းအဝေးများ ကျင်းပကြတော့မည်။ ပြည်သူတင်မြှောက်သည့် အစိုးရအဖွဲ့သစ်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်ကြပေမည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံဖြစ်ထွန်းနေပြီ။ တိုင်းရင်းသားများအကြား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကြိုးပမ်းနိုင်မှုနှင့်အတူ နိုင်ငံတော်သစ် ဆက်လက်တည်ဆောက်သွားနိုင်ရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်ဆောက်ပေးထားပြီ။ နိုင်ငံ၏စီးပွားရေးတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ကြိုးပမ်းနိုင်ခဲ့ပြီ။ သစ်တော၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုစသည့်ကဏ္ဍအလိုက် တိုးတက်မှုများရရှိခဲ့ပြီဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် မြန်မာနိုင်ငံသည် ခေတ်သစ်စနစ်သစ်ဆီမျှော်ရည်ကူးပြောင်းနေပြီ။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ပေါင်းစည်း၍ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်တည်ဆောက်ကြရမည့် ကာလဖြစ်သည်။ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး အရှည်တည်တံ့ခိုင်မြဲရေး ပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်။

တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ညီညွတ်မျှတသည့် လူ့ဘောင်အဖွဲ့အစည်းကို တည်ထောင်နိုင်ခဲ့ကြပြီ။ တိုင်းရင်းသားပြည်သူအားလုံးတို့က ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်သစ် စနစ်သစ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပူးပေါင်းပါဝင်တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ မျိုးဆက်သစ် ထူးချွန်ဆုရရှိသော သူငယ်တန်းမှ မောင်လင်းပြည့်စုံအောင်အား ကျောင်းအုပ်ဆရာကြီး ဦးတင်စိုး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကြည့်ရှုစစ်ဆေး

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေညီလာခံ အတွေ့အကြုံရှင်း

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်မြို့ လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် ရေးသူဖတ်သူ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမဆောင်၌ကျင်းပသည်။ အခမ်းအနားတွင် ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်သန်းဦး (မမိုးမြေ)က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေးသူ ဖတ်သူ ဆွေးနွေးပွဲတွင် အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်သန်းဦး(မမိုးမြေ)နှင့် မြို့နယ်အမှုဆောင် ဦးကျော်လွင်(ဒေါက်တာကျော်လွင်-လက္ခဏာ)တို့က ဆွေးနွေးတင်ပြကြပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘုရင့်နောင်ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြပွဲကို ဇန်နဝါရီ ၂၈ ရက်က အဆိုပါဈေးကြီး၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြောက်ပိုင်းခရိုင်မှူး ဦးတင်ထွန်းနှင့် စည်ပင်သာယာဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။

ဆွေးနွေးဟောပြော

ဈေးများဌာန ဌာနခွဲမှူး ဦးအောင်နိုင်ထွေးနှင့် ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးဟောပြောကြသည်။

သရုပ်ပြသ

ဆက်လက်၍ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကျင်းပရာ မီးသတ်ဦးစီးဌာန ဘုရင့်နောင်မီးသတ်စခန်း စခန်းမှူး ဦးအောင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ပိုက်များဖြင့် လက်တွေ့ မီးငြိမ်းသတ်နည်းများ သရုပ်ပြသကြသည်။

ဘုရင့်နောင်ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး ၂၀၀ ကျော်နှင့် ရေဂါလန် ၄၇၀၀၀ ဆံ့ ရေကန်နှစ်ကန်တို့ထားရှိပြီး အရေးပေါ်ရေပက်ဖျန်းနိုင်ရန် မီးသတ်ငုတ်တိုင် ခုနစ်တိုင်၊ မီးသတ်စက်များဖြင့် မီးငြိမ်းသတ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ (သတင်းစဉ်)

ဘုရင့်နောင်ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြသစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ UMFCCI Training Institute ၌ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်သည် ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍလုပ်ငန်းခွင်မှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း တာဝန်ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းများကို UMFCCI Training Institute ၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။ သင်တန်းများတွင် လက်တွေ့နယ်ပယ်၌ ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်အတွက် ဦးစားပေးသင်ကြားလေ့ကျင့်ပို့ချပေးလျက် ရှိသည်။

ဖေဖော်ဝါရီ ၁၉ ရက်မှစတင်၍ Systematic Distribution & Management သင်တန်း၊ Practical Approach to International Trade Course (Batch-3) သင်တန်း၊ Master of Ceremony Presenter Course (Batch- 3) သင်တန်းနှင့် Business English Course (Batch-3) သင်တန်းတို့ကို ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ထို့ပြင် Systematic Distribution & Management သင်တန်းတွင် လက်တွေ့နယ်ပယ်၌ အသုံးချနိုင်မည့် သင်တန်းတစ်ခုအဖြစ် နိုင်ငံတကာ အတွေ့အကြုံရှိသူများက သင်ကြားပို့ချပေးမည်ဖြစ်ပြီး လက်တွေ့ကွင်းဆင်း လေ့လာမှုများ ပါဝင်မည်ဖြစ်သည်။

Practical Approach to International Trade Course သင်တန်းတွင် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူတို့၏ ကူညီပံ့ပိုးမှုဖြင့် စာတွေ့၊ လက်တွေ့ ကွင်းဆင်း လေ့လာမှုနှင့်အတူ လုပ်ငန်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များနှင့် အခက်အခဲများကို ဖြေရှင်းနိုင်သည့် နည်းလမ်းများ လေ့လာခြင်းနှင့် အဖြေရှာခြင်း အစီအစဉ်များကိုပါ ထည့်သွင်းစီစဉ်ထားရှိသည်။

Business English Course သင်တန်းတွင် နိုင်ငံတကာစီးပွားရေးလုပ်ငန်း အတွေ့အကြုံရှိသော ဆရာများက ဦးဆောင်၍ သင်တန်းသားများအား တစ်ဦးချင်းစီ အင်္ဂလိပ်ဘာသာစကား ပြောဆိုလေ့ကျင့်ပေးပြီး Presentation အစီအစဉ်များကိုပါ ထည့်သွင်းထားသည်။

အခမ်းအနားမှူးသင်တန်း (Master of Ceremony/ Presenter Course) တွင် ဝါရင့်အတွေ့အကြုံရှိ ဆရာက ဦးဆောင်၍ သင်ကြားပို့ချမည်ဖြစ်သည်။ ထို့အပြင် ယနေ့ခေတ်စားနေသော ကုန်ပစ္စည်းများ ဈေးကွက်မြှင့်တင်ရေး အခမ်းအနားများနှင့် အခြားအခမ်းအနား အစီအစဉ်များနှင့်စပ်လျဉ်း၍ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အခမ်းအနားများတွင် လက်တွေ့အခမ်းအနားမှူးအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိသည်။

သင်တန်းများအတွက် လျှောက်လွှာကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ၌ ရယူပြီး ဖေဖော်ဝါရီ ၁၈ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။ အသေးစိတ်သိရှိလိုပါက UMFCCI Training Institute ဖုန်း-၂၁၇၄၈၀၊ ၂၁၄၃၄၄ ~ ၂၁၄ ၃၄၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အထက (၂) ကျောက်မဲ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ကျောက်မဲ ဇန်နဝါရီ ၃၀

ကျောက်မဲမြို့ အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ရွှေရတုအကြိုအငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးခင်မောင်ဦး ဖုန်း-၀၉-၅၂၇၅၂၆၃၊ ဦးခင်မောင်စိ ဖုန်း-၀၉-၅၂၇၅၄၁၉၊ ဦးအောင်ကြည် ဖုန်း-၀၉-၅၂၇၅၃၀၈၊ ဦးမြဇင် ဖုန်း-၀၉-၄၈၈၄၅၉၂၇၊ ဒေါ်မွှေးမွှေး ဖုန်း-၀၈၂-၄၀၇၆၈၊ ဒေါ်ရီရီရွှေ ဖုန်း-၀၈၂-၄၀၁၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆိုင်းဘုတ်စိုက်ထူ

ဇန်နဝါရီ ၂၅ ရက်က ကလေးခရိုင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော "အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြစို့" ဆိုင်းဘုတ်စိုက်ထူပွဲကို ကလေးမြို့ ကလေး-ကလေးဝလမ်းမကြီးတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးတင့် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပိုက်စက်ရုံ ကုန်ထုတ်လုပ်နေမှုနှင့် စွန့်ပစ်ပစ္စည်း(ကြွပ်ကြွပ်အိတ်)မှ ကုန်ချောပစ္စည်းထုတ်လုပ်မှုများ မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၃၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂) ၅၁ လမ်းရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အောင်မြင် UPVC ပိုက်စက်ရုံ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် အဆိုပါစက်ရုံရှိ စွန့်ပစ်ပစ္စည်း(ကြွပ်ကြွပ်အိတ်)မှ ကုန်ချောပစ္စည်းထုတ်စက်ရုံအတွင်း အမှိုက်ပုံးများ ထုတ်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

မြို့တော်ဝန်သည် စက်မှုဇုန်(၂)ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ အောင်မြင် UPVC ပိုက်စက်ရုံသို့ ရောက်ရှိလာရာ အဆောက်အအုံနှင့် ကုန်ရုံဌာန ခေတ္တဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က အောင်မြင် UPVC ပိုက်စက်ရုံ၏ ပိုက်အမျိုးအစားများအလိုက် ထုတ်လုပ်နိုင်မှုနှင့် ဈေးကွက်အရောက်ဖြန့်ဖြူးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် စက်ရုံအတွင်းရှိ စွန့်ပစ်ပစ္စည်း(ကြွပ်ကြွပ်အိတ်) မှ ကုန်ချောပစ္စည်းထုတ်စက်ရုံသို့ ရောက်ရှိလာရာ သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများက စွန့်ပစ်ပစ္စည်း (ကြွပ်ကြွပ်အိတ်)များအား သန့်စင်ပြီးကော်စေး ပြန်လည်ထုတ်လုပ်နိုင်မှု၊ အမှိုက်ပုံးများ ထုတ်လုပ်ထားရှိမှုနှင့် သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် စွန့်ပစ်ပစ္စည်း(ကြွပ်ကြွပ်အိတ်) ကုန်ချောပစ္စည်းထုတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

ILBC ၏ ပဉ္စမအကြိမ်မြောက် ပညာရပ်ဆိုင်ရာပြပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ILBC ၏ ပဉ္စမအကြိမ်မြောက် ပညာရပ်ဆိုင်ရာပြပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးဒေါင့်ကန်လမ်းရှိ ILBC ကျောင်း အားကစားရုံ၌ ကျင်းပသည်။

အဆိုပါ ပြပွဲတွင် ILBC မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ပူးပေါင်းပြသကြသည့် ပညာရပ်ဆိုင်ရာ ပြခန်းများကို ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုပ်ပုံကားချပ်များ၊ ဓာတ်ပုံများ၊ Video Clip များဖြင့် ပြခန်းအလိုက် ILBC မှ ကျောင်းသား၊ ကျောင်းသူများက ဝေဝေဆာဆာပြသကြပြီး စိတ်ပါဝင်စားသူများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းပြသနေမှုများကို တွေ့ရသည်။

ILBC ၏ ပဉ္စမအကြိမ်မြောက် ပညာရပ်ဆိုင်ရာပြပွဲကို ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေစဉ်ကာလ၌ လေ့လာခဲ့သည့် သင်ခန်းစာများကို လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ သင်ကြားထားသည့် ပညာရပ်များနှင့် စပ်လျဉ်း၍ စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန်၊ ပညာရပ်အသီးသီးကို လက်တွေ့အကောင်အထည်ဖော်ရာ၌ စာတွေ့အရ တွက်ချက်လေ့လာပြီးမှ ပြုလုပ်စေခြင်းနှင့် စာတွေ့အပြင် လက်တွေ့နှင့်ပူးတွဲလေ့ကျင့်မှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်ချက်များ ရရှိစေရန်၊ လက်တွေ့ပြုလုပ်ရာတွင် စာတွေ့ကို အခြေခံ၍ ကောင်းသည်ထက်ကောင်းအောင် တီထွင်ကြံဆစေခြင်း၊ ကျောင်းသားတို့၏ အနာဂတ်စီးပွားရေး ရွေးချယ်မှုများ၌ စက်မှုအတတ်ပညာကို အသုံးချကာ စီးပွားရေး ရွေးချယ်မှုများ ရရှိလာစေရန် အဓိကရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ ပညာရပ်ဆိုင်ရာပြပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ တာမွေမြို့နယ် လေးဒေါင့်ကန်လမ်းရှိ ILBC ကျောင်းတွင်း အားကစားရုံ၌ ကျင်းပသွားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

I L B C ကျောင်းသား၊ ကျောင်းသူများ၏ ပညာရပ်ဆိုင်ရာ ပြခန်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

အထက(ခွဲ) ပျဉ်ပုံကြီး မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ ယခင်အလက၊တွဲဖက် အထက နှင့် အထက(ခွဲ)ကျောင်းတို့၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးညွန့်တင်(ရန်ကုန်) ဖုန်း-၀၁-၅၄၀၉၁၇၊ ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၂၅၀၀၇၊ ဦးကျော်ဖုန်းမြင့် ဖုန်း-၀၁-၇၃၀၅၆၅၄၀၊ ဦးဆောင်းတင် ဖုန်း-၀၁-၇၃၀၀၄၉၄၂၊ ပျဉ်ပုံကြီး အထက(ခွဲ) ဖုန်း-၀၅၂-၇၀၁၀၁၊ ဦးညဏ်မြင့်အောင် ဖုန်း-၀၅၂-၇၀၀၀၂၊ ဒေါ်မူမူသိန်း ဖုန်း-၀၅၂-၇၀၀၆၉၊ ဒေါ်နီနီလွင် ဖုန်း-၀၅၂-၇၀၀၈၁၊ ဦးအောင်မျိုးနိုင် ဖုန်း-၀၅၂-၇၀၀၂၄ နှင့် ဦးကျော်မင်းဦး ဖုန်း-၀၅၂-၇၀၀၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



၁၉၈၁ ခုနှစ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၈၁ ခုနှစ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်(၃၀) ပြည့် ပုလဲရတုနှင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁၆၄/ ၁၆၈) ဝါးတန်းလမ်းရှိ Doreen Burger and Snacks ၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက စိုးညီညီ ဖုန်း-၀၉-၅၀၁၉၆၄၃၊ ဇော်ဝင်းဦး ဖုန်း-၀၉-၈၃၀၄၄၄၅၊ ၀၉-၅၄၅၄၄၄၅၊ ဗလကြီး ဖုန်း-၀၉- ၈၀၂၂၁၁၁၊ ရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ကိုညွန့် ဖုန်း-၀၁၃-၂၅၇၃၆၊ မော်စီ ဖုန်း-၀၉-၅၀၁၄၂၈၈၊ စောမြင့် ဖုန်း-၀၉-၅၁၀၇၉၃၀၊ ဝင်းမောင် ဖုန်း-၀၉-၅၁၇၃၀၈၀၊ မျိုးညွန့် ဖုန်း-၀၉-၂၀၄၂၄၅၄၊ ကျော်ဝဏ္ဏ ဖုန်း-၀၉-၅၀၄၂၁၈၆ နှင့် ညဏ်မင်းဒင် ဖုန်း-၀၉-၅၁၈၂၆၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေသက်ကြီးပညာရှင်များ ပူဇော်ကန်တော့ပွဲကို အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁ ရက်က ကျင်းပရာ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ခေါင်းဆောင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အဖွင့်အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

ကလေးများ ခဲတံ၊ ဘောလ်ပင် စတင် ကိုင်တွယ်ရာတွင် စနစ်တကျနှင့် ပျော်ရွှင်စွာ စာရေးနိုင်မည့် ဂျာမနီနိုင်ငံထုတ် Schwan - STABILO အမှတ်တံဆိပ် Left Right ခဲတံနှင့် ဘောလ်ပင်များကို တွေ့ရစဉ်။

(သတင်းစဉ်)

စာ စတင်ရေးသည့် ကလေးများအတွက် သီးသန့် ခဲတံ၊ ဘောလ်ပင်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇန်နဝါရီ ၃၀

စာ စတင်ရေးသည့် ကလေးများ ခဲတံ၊ ဘောလ်ပင်များ စတင် ကိုင်တွယ်ရာတွင် စနစ်တကျရှိမှုကြောင့် ပျော်ရွှင်စွာ စာရေးနိုင်မည့် ဂျာမနီနိုင်ငံထုတ် Schwan - STABILO အမှတ်တံဆိပ် Left Right ခဲတံနှင့် ဘောလ်ပင်များကို Salient Trading Company Limited က တစ်ပြည်လုံး ဝယ်ယူအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

Left Right ခဲတံနှင့် ဘောလ်ပင်သည် စာစတင်ရေးသည့် ကလေးများအတွက် အလွန်အရေးပါကြောင်း၊ ခဲတံကို စနစ်တကျ လွယ်ကူစွာ ကိုင်တွယ်တတ်အောင် စီမံပေးထားကြောင်း၊ ကလေး၏ ဘဝတစ်သက်လုံး ခဲတံ၊ ဘောလ်ပင်ကို သိပ္ပံနည်းကျ စနစ်တကျကိုင်တွယ်တတ်မှု အကျိုးကျေးဇူးကြောင့် လက်ချောင်းများ ညောင်းညာခြင်း၊ လက်အန်သေခြင်း မရှိဘဲ ကြာရှည်စွာစာရေးသားနိုင်ခြင်း၊ ခဲတံ၊ ဘောလ်ပင် ကိုင်တွယ်ထားသည့် လက်ချောင်းများ အနေအထားမှန်သဖြင့် လျင်မြန်စွာစာရေးသားနိုင်ခြင်း၊ ခဲတံ၊ ဘောလ်ပင် ကိုင်တွယ်မှုနှင့် ပတ်သက်သော စိတ်ဖိစီးမှုမရှိသဖြင့် စာပေသင်ကြားရာတွင် ပိုမိုအာရုံစူးစိုက်နိုင်ခြင်း စသည့် အကျိုးများ ရရှိမည်ဖြစ်ကြောင်း၊ Left Right Series တွင် ခဲတံ၊ ဘောလ်ပင်၊ ခဲဖျက်၊ ခဲဆန်၊ ချွန်စက်များ ပါရှိကြောင်း၊ ဘယ်သန်၊ ညာသန်ကလေးများ အသုံးပြုနိုင်အောင် နှစ်မျိုးစလုံး ထုတ်လုပ်ထားကြောင်း သိရသည်။

ကျောင်းသားများအား ဈေးနှုန်း ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူလိုပါက Salient Trading Company Limited အမှတ်(၂၂) ငုဝါလမ်း စောရန်ပိုင်(တောင်)ရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၅၁၁၀၊ ၇၀၃၁၆၅ နှင့် ၀၉-၅၀၁၃၁၅၃ တို့သို့ ဆက်သွယ်၍ အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း၊ Salient Trading Company Limited နှင့် STABILO Company တို့က ၅၀ ရာခိုင်နှုန်းစီ ထောက်ပံ့ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

သန်လျင်မြို့ ခေမာရာမ သီလရှင်သင် မူလတန်းလွန်ကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပရာ ထူးချွန်ဆုရ ကျောင်းသားတစ်ဦးအား ကျောင်းအကျိုးတော်ဆောင် ဦးတင်မင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၅၂၇)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည) ၃၁-၁-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မင်္ဂလသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (ကြက်မောက်ပင်စိုက်ပျိုးနည်း) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတ္တာတွက်တာအလှကမ္ဘာ (အေးချမ်းတဲ့ရာသီဥတုမှာ အသားအရေမခြောက်သွေ့အောင် ကာကွယ်နည်း)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (လူသားတွေ လပေါ်မှာ နေထိုင်နိုင်တော့မယ်)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	လူမှုစာနာပြန်ကြားလွှာ နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (တတိယတန်း- ဘဝတွက်တာကျွမ်းကျင်စရာ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (တစ်သက်တာဘဝ ကျန်းမာစွာနေနိုင်ရေး)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ (၄၄) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ရေဒီယိုဇာတ်လမ်းတွဲ (ဂီတာတစ်လက်၏ နှလုံးသားသံစဉ်-ပထမပိုင်း) တေးပဒေသာ
၇း၄၀	ပြုံးပဒေသာ နိုင်ငံရေးဦးတည်ချက်
၈း၀၀	ပြည်တွင်းသတင်း ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (သားစိုးတို့ဇနီးမောင်နှံ) စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင်မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

အမေရိကန်လက်နက်ကုမ္ပဏီများ အမြတ်ငွေ အမြောက်အမြားရရှိမည်ဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၃၀

အမေရိကန်စစ်လက်နက် ကုမ္ပဏီများသည် အမေရိကန်နှင့် အခြားသောနိုင်ငံအစိုးရများ၏ စစ်ရေးမူဝါဒအရ လိုအပ်လာသည့် လက်နက်များကို ထုတ်လုပ်ဖြည့်ဆည်းပေးခြင်းအားဖြင့် ၂၀၁၁ ခုနှစ်တွင် ကြီးမားသောအမြတ်ပမာဏရရှိရန် စီစဉ်လျက်ရှိကြသည်ဟု တနင်္ဂနွေနေ့ ပရက်(စ်)တီဗွီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အဆိုပါ အကျိုးကျေးဇူးအမြောက်အမြားရရှိမည့် ကုမ္ပဏီသုံးခုတွင် လော့ဟိဒ်မာတင်၊ အယ်လ်-၃ ကွန်မျူနီကေးရှင်းဟိုးလ်ဒင်းနှင့် ရေသီယွန်ကုမ္ပဏီတို့ ပါဝင်သည်။

အမေရိကန်ပြည်ထောင်စုသည် ယမန်နှစ်က စစ်ဘက်အတွက် အမေရိကန်ဒေါ်လာတစ်ဘီလီယံထက်ဝက်ကျော်ကို သုံးစွဲခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပိုမိုသုံးစွဲမည်ဖြစ်ကြောင်း စစ်ဆန့်ကျင်ရေး ဝက်ဘ်ဆိုက်စာတည်းဂျာဆန်ဒစ်က ပရက်(စ်)တီဗွီ သတင်းဌာနသို့ ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံ၏ စစ်ရေးအသုံးစရိတ်မှာ ဒေါ်လာ ၆၆၃ ဒသမ ၈ ဘီလီယံရှိ၍ ကာကွယ်ရေးအသုံးစရိတ်မှာ ဒေါ်လာ ၈၈၀ ဘီလီယံမှ ၁ ဒသမ ၀၃ ထရီလီယံအထိရှိ၍ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အများဆုံးလက်နက်ဝယ်ယူသူအဖြစ် တည်ရှိနေဆဲဖြစ်သည်။

စီးပွားရေးကျဆင်းမှုပြဿနာနှင့် ပြည်သူတို့၏ လူမှုရေးဒုက္ခတို့က အမေရိကန်နိုင်ငံအပေါ် ဝန်ပိနေသော်လည်း ၎င်း၏ စစ်လက်နက်ထုတ်လုပ်သည့်လုပ်ငန်းသည် မကြာသေးမီ နှစ်များအတွင်း အမြတ်ငွေအမြောက်အမြားရရှိနေသည့် တစ်ခုတည်းသောလုပ်ငန်းဖြစ်ကြောင်း ဒစ်ကပြောကြားသည်။ ***အင်တာနက်။***

(၁၆)နှစ်ကြာလျှို့ဝှက်ချုပ်နှောင်ခံခဲ့ရသောအမျိုးသမီးကို ဘရာဇီးရဲတပ်ဖွဲ့ကယ်တင်ခဲ့

ဆော်ပေါ်လို ဇန်နဝါရီ ၃၀

နုံချာလှသော အခန်းကျဉ်းတစ်ခုထဲ၌ (၁၆)နှစ်ကြာ ဖမ်းဆီးပိတ်လှောင်ခံထားရသော အမျိုးသမီးတစ်ဦးကို ဘရာဇီးရဲတပ်ဖွဲ့က ရှာဖွေကယ်တင်နိုင်ခဲ့ပြီး ယင်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် ယင်းအမျိုးသမီး၏ ခင်ပွန်းနှင့် မိန်းကလေးမိတ်ဆွေတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

အချုပ်အနှောင်ခံခဲ့ရသော ဆီဗက်စ္စတီယာနာအပါရီဆီဒါဂရော့ပိုဆိုသူ အသက်(၆၄)နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးကို ဘရာဇီးရဲတပ်ဖွဲ့က ဆော်ပေါ်လိုမြို့မှ မိုင် ၆၀ အကွာရှိ ဆိုရိုကာဘာမြို့၏ အိမ်တစ်အိမ်၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ခင်ပွန်းဖြစ်သူနှင့် မိန်းကလေးမိတ်ဆွေတို့က အပေါ်ထပ်၌ နေထိုင်ခဲ့ကြစဉ် အဆိုပါဘရာဇီးအမျိုးသမီးကြီးသည် လေဝင်လေထွက်မကောင်းသော မှောင်မိုက်သော အခန်းကျဉ်းထဲ၌ (၁၆)နှစ်ကြာနေခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

အမျိုးသမီးကြီး၏ခင်ပွန်း အသက်(၆၄)နှစ်အရွယ်ရှိ ဂျီအာဘက်တစ္စတာဂရော့ပိုနှင့် ၎င်း၏ မိန်းကလေးမိတ်ဆွေတို့ကို အပြစ်မဲ့သူတစ်ဦးအား မတရားချုပ်နှောင်ထားမှုဖြင့် တရားစွဲဆိုခဲ့ပြီး ပြစ်မှုထင်ရှားပါက ၎င်းတို့နှစ်ဦးစလုံး ထောင်ဒဏ်ရှစ်နှစ်နှင့်အထက် ကျခံရဖွယ်ရှိသည်။ ***ယူပီအိုင်။***

ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာမြောက်ဘက်ရှိ ဆင်းရဲသားရပ်ကွက်၌ ဇန်နဝါရီ ၃၀ရက်က မီးလောင်မှုဖြစ်ပွားစဉ်။

ဖိလစ်ပိုင်မီးဘေး လူ ၁၂ ဦးသေဆုံး၍ နေအိမ် ၁၀၀ မျှ ဆုံးရှုံး

မနီလာ ဇန်နဝါရီ ၃၀

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၏ မြောက်ဘက် ဆင်းရဲသားများနေထိုင်ရာဒေသတစ်ခု၌ တနင်္ဂနွေနေ့က မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ရာ လူ ၁၂ ဦးသေဆုံးခဲ့ရပြီး လူနေအိမ်အလုံး ၁၀၀ မျှ ဆုံးရှုံးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ မီးလောင်မှုသည် မနီလာမြို့ မြောက်ဘက်ရှိ နာဗိုတတ်စ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက် သန်းခေါင်မတိုင်မီ စတင်လောင်ကျွမ်းခဲ့ပြီး ငါးနာရီအထိကြာမြင့်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူများအနက် ၁၁ ဦးသည် မီးလောင်ကျွမ်းနေသော အဆောက်အအုံများအတွင်း ပိတ်မိခဲ့သူများဖြစ်ပြီး ကျန်တစ်ဦးမှာ မီးလောင်ဒဏ်ရာများရခဲ့ပြီး ဆေးရုံ၌ သေဆုံးခဲ့ကြောင်း မနီလာမြို့တော် မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူများထဲတွင် ကလေးငါးဦးပါဝင်ကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

မီးလောင်မှု စတင်ဖြစ်ပွားရခြင်းအကြောင်းရင်းကို ဖော်ထုတ်နိုင်သေးခြင်းမရှိကြောင်း စုံစမ်းစစ်ဆေးသူများက ဆိုသည်။ သို့ရာတွင် မီးလောင်မှု မဖြစ်ပွားမီတစ်ရက်တွင် ယင်းဒေသ၌ နေထိုင်သော စိတ်မနှံ့သူတစ်ဦးသည် ဓာတ်ဆီနှင့် ဆော့ကစားနေသည်ကို မြင်တွေ့ခဲ့ကြောင်း မျက်မြင်များ၏ အဆိုကိုကိုးကား၍ အသံလွှင့်ဌာနတစ်ခုက ဖော်ပြသည်။

မနီလာပင်လယ်အော်ဒေသတွင် လေပြင်းထန်စွာ တိုက်ခတ်နေခြင်းကြောင့် မီးကူးစက်မှုလျင်မြန်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။ ***အေအက်ဖ်ပီ။***

သြစတြေးလျအရှေ့မြောက်ပိုင်းသို့ ဆိုင်ကလုန်းမုန်တိုင်းတစ်ခုဦးတည်

ဘရစ္စဘိန်း ဇန်နဝါရီ ၃၀

ရေဘေးဒုက္ခခံစားခဲ့ရသော သြစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတစ်ခုဝင်ရောက်တိုက်ခတ်မည်ဖြစ်ရာတနင်္ဂနွေနေ့တွင် ယင်းဒေသများ၌ မိုးထပ်မံရွာသွန်းမည့်အခြေအနေနှင့် ကြုံတွေ့နေရကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်အား အဆင့်(၂)ရှိ ဆိုင်ကလုန်းမုန်တိုင်း အင်သိုနီသည် ကွင်းစလန်းပြည်နယ်အနီးတွင်တည်ရှိနေပြီး ဇန်နဝါရီ ၃၀ ရက်ညပိုင်းတွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု မိုးလေဝသပညာရှင်တို့က ခန့်မှန်းခဲ့သည်။

မုန်တိုင်းအရှိန်ကြောင့် သြစတြေးလျအရှေ့မြောက်ပိုင်း ကမ်းရိုးတန်းဒေသ၌ ထူးကဲဒီရေတက်မည်ဖြစ်ပြီး ယခုလ အစောပိုင်းအတွင်း ရေဘေးသင့် ဒေသများ၌ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သြစတြေးလျမိုးလေဝသဗျူရိုကဆိုသည်။

ပြင်းထန်သော လာနီညာ ရာသီဥတုပုံစံကြောင့် သြစတြေးလျနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး အီကွေတာဒေသရှိ ပစိဖိတ်သမုဒ္ဒရာမှ ရေအေးစီးကြောင်းများကြောင့်လည်း ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်ပိုမိုကြုံတွေ့ဖွယ်လည်းရှိသည်။

ကုန်းတွင်းသို့ ဝင်ရောက်ချိန်၌ ဆိုင်ကလုန်းမုန်တိုင်း အင်သိုနီသည် တစ်နာရီမိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်မည်ဖြစ်ပြီး မိုးရေချိန် မီလီမီတာ ၂၀၀ မှ ၄၀၀အထိ မိုးရွာသွန်းဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ***အေပီ။***

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ရေလွှမ်းမိုးမှုပြီးဆုံးပြီးနောက် မြင်ကွင်းကိုတွေ့ရစဉ်။

ဂွာတီမာလာ ရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မိ၍ ၁၀ ဦးသေဆုံးပြီး ၂၀ခန့်ဒဏ်ရာရ

ဘာလင် ဇန်နဝါရီ ၃၀

ဂျာမနီနိုင်ငံ အရှေ့ပိုင်းတွင် ဇန်နဝါရီ ၂၉ရက်က ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတို့ ခေါင်းချင်းဆိုင်တိုက်မိရာ ၁၀ ဦးထက်မနည်းသေဆုံးပြီး ၂၀ ခန့် ပြင်းထန်စွာဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါရထားနှစ်စင်းသည် ဂျာမနီနိုင်ငံ အရှေ့ပိုင်း ဆက်ဆွန်နီ-အင်ဟဲ့သ်ပြည်နယ် အော့စချာစလာဘင်မြို့အနီးဒေသ စံတော်ချိန် ည ၁၀နာရီခွဲခန့်၌ ခေါင်းချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားသည့်နေရာသို့ ကယ်ဆယ်ရေးဝန်ထမ်း ၁၀၀ ကျော်ရောက်ရှိနေပြီး ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့ခဲ့သည်ဟု ဂျာမန် အင်န်-တီဗွီရုပ်သံဌာနက ကြေညာသည်။

မျက်မြင်တွေ့ရှိသူတစ်ဦးက ဒေသန္တရသတင်းဌာနသို့ ပြောကြားရာ၌ ဟော်ဒေ့ဖ်ဘူတာအနီးတွင် ရထားတိုက်မှုဖြစ်ပွားခဲ့၍ ရထားတစ်စင်းသည် လမ်းချော်ကာ အခြားတစ်စင်းကို ဝင်တိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ရထားနှစ်စင်းလုံး၏ အပျက်အစီးများမှာ မီးလောင်သွားခဲ့ပြီး ၎င်းတို့ တိုက်မိသည့်အရှိန်ကြောင့် အချို့သောရထားတွဲများမှာ သံလမ်းပြင်ပသို့ ရောက်ရှိသွားသည်။

ခရီးသည်တင် အမြန်ရထားသည် ခရီးသည် ၄၀ ခန့်တင်ဆောင်၍ ပြည်နယ်မြို့တော် မက်ဒီဘတ်မှ ဟောလ်ဘာစတတ်မြို့သို့ မောင်းနှင်နေခြင်းဖြစ်ကြောင်း၊ ကုန်တင်ရထားမှာ ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယခုဖြစ်စဉ်သည် ဂျာမနီနိုင်ငံအတွက် ၂၀၀၆ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး ရထားမတော်တဆမှုဖြစ်သည်။နှင်းမြူများကျဆင်းနေပြီး အပူချိန် ရေခဲမှတ်အောက်ရောက်ရှိချိန်တွင် တစ်နာရီ ကီလိုမီတာ ၈၀ နှုန်းနှင့် မောင်းနှင်နေသော ရထားနှစ်စင်းအကြား လမ်းမတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ***အင်တာနက်။***

ဂျာမနီနိုင်ငံ အရှေ့ပိုင်း၌ဇန်နဝါရီ ၂၉ရက်က ဖြစ်ပွားခဲ့သော ရထားမတော်တဆမှု။

ဆောင်းရာသီကျရောက်မည့်အချိန် ပေကျင်းမြို့တော် ကာလအကြာဆုံး စောင့်မျှော်နေရ

ပေကျင်း ဇန်နဝါရီ ၃၀

တရုတ်နိုင်ငံ မြောက်ပိုင်း၌ မိုးခေါင်မှုကြောင့် ပြည်သူသန်းပေါင်းများစွာတို့ အခက်အခဲကြုံနေကြရပြီး ပေကျင်းမြို့တော်သည် ဆောင်းရာသီကျရောက်မည့်အချိန်ကို နှစ်ပေါင်း ၆၀ အတွင်း အကြာမြင့်ဆုံးစောင့်ဆိုင်းနေရကြောင်း စနေနေ့သတင်းများတွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၂၉ ရက်အထိ ဆီးနှင်းကျဆင်းမှုမရှိခဲ့ပါက ပေကျင်းမြို့တော်အဖို့ ဆောင်းရာသီကို ဆယ်စုနှစ်ခြောက်ခုတာကာလအတွင်း အချိန်အကြာမြင့်ဆုံး စောင့်မျှော်နေရသည့် အခြေအနေသို့ ရောက်ရှိမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် သတင်းမီဒီယာများ၌ ဖော်ပြသည်။

ခြောက်သွေ့သော ရာသီဥတုအခြေအနေကြောင့် တရုတ်နိုင်ငံ၏ အဓိကဂျုံစိုက်ပြည်နယ်ဖြစ်သော ရှန်တုန်ပြည်နယ်သည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုနှင့် ရင်ဆိုင်နေရသည်။ ယင်းအခြေအနေကြောင့် စားနပ်ရိက္ခာဈေးနှုန်းများကြီးမြင့်လာမည့်အရေးနှင့်လည်း ရင်ဆိုင်ရဖွယ်ရှိသည်။

မိုးခေါင်ရေရှားပြဿနာသည် ဟူပေပြည်နယ်ရှိ ပြည်သူ ၁၉ သန်းတို့အပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ပြည်နယ်တာဝန်ရှိသူတို့က ဆင်ဟွာသတင်းဌာနကို ပြောကြားခဲ့သည်။ ***အေပီ။***

ပထမအကြိမ် 2011 Engineering Day ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

Myanmar Search International Education Consultancy (MSI)က ကြီးမှူးကျင်းပသော ပထမအကြိမ် 2011 Engineering Day အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Myanmar Search International Education Consultancy (MSI) ဥက္ကဋ္ဌ ဦးတင်အောင်စိုးက ဆောင်ရွက်လျက်ရှိသည့် ပညာရေးဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ MSI သည် မလေးရှားနိုင်ငံ ထိပ်တန်းအဆင့်ရှိ "Tier-5 Excellence Award" ရရှိထားသော တက္ကသိုလ်ကျောင်း နှစ်ကျောင်းဖြစ်သည့် Kuala Lumpur မြို့တော်ရှိ Taylor's University ၊ Sarawak ပြည်နယ်ရှိ Curtin University နှင့် စင်ကာပူသမ္မတနိုင်ငံရှိ "The Best Education Experience Award 2010" ချီးမြှင့်ခြင်းခံရသော PSB Academy ကျောင်း သုံးကျောင်း ပူးပေါင်း၍ MSI ပညာရေးဝန်ဆောင်မှု ကုမ္ပဏီက ပထမဦးဆုံး ကျင်းပခြင်းဖြစ်သည်။ ပညာသင်ဆုအစီအစဉ်များလည်းရှိရာ စိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ ယူဆောင်ပြီး ဖေဖော်ဝါရီ ၁၆ ရက် နောက်ဆုံး ထား၍ MSI ရုံးခန်းသို့ စာရင်းပေးသွင်း လျှောက်ထားနိုင်သည်။ Taylor's University နှင့် Curtin University ကျောင်းများကလည်း ပညာသင်ဆုများ ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက Myanmar Search International Education Consultancy (MSI) ရုံးခန်းအမှတ် (၂၃၄) ဒုတိယထပ် ရွှေဘုံသာ(အလယ်လမ်း) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၉၂၉၊ ၀၁-၃၈၉၉၁၅၊ ၀၉-၅၁၀၃၉၁၅)နှင့် myanmarsearch-international @ gmail.com သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Myanmar Search International Education Consultancy (MSI) **ဥက္ကဋ္ဌ ဦးတင်အောင်စိုး ပထမအကြိမ်** 2011 Engineering Day **အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား၌ မင်္ဂလာဒုံတပ်နယ်မှူးက ခြောက်ဘာသာ ဂုဏ်ထူးရရှိသော မသီရိဝေဝေအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မင်္ဂလာဒုံ အထက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်း အောင်ဆန်းသူရိယ လှသောင်းခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံတပ်နယ်မှ တပ်နယ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသည် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်း ၉၂ ဒသမ ၇၅ဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် တတိယအဆင့် ရရှိခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်း သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူ တစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Sandwich/ Pizza/ Burger/ Hot Dog စသည့် Fast Food ပြုလုပ်နည်းများ၊ Danish/ Puff/ Croissant ပြုလုပ်နည်းများ၊ Soft Bread အမျိုးအစားများဖြစ်သည့် ပေါင်မုန့်မျိုးစုံ၊ French Baguette/ Onion Bread/ Garlic Bread စသည့် Hard Bread ပြုလုပ်နည်းများ၊ Butter Cake/ Chocolate Cake/ Muffin စသည့် အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ Cookies/Doughnut/ Sweet Dough/ Eclair စသည့် မုန့်မျိုးစုံ ပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်း တက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။ နိုင်ငံတကာဟိုတယ်ကြီးများ၌ အလုပ်အကိုင် ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးသည်။ လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ Pre interview များကို လေ့ကျင့်ပေးသည်။

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Coursenှင့် Preparation Course အပတ်စဉ်အသစ်ကို ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း (၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၅၂၃၆၂၃နှင့် ၅၂၃၂၀၀ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း မြန်မာ့ရိုးရာ ထမနဲပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပမည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (သောကြာနေ့) (တပို့တွဲလပြည့်နေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အမှတ်(၆၈) စံကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းအသင်း မြတ်မွန်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များဖြစ်ကြသော အထက(၂) ဒဂုံနှင့် အထက(၃)ဒဂုံတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း-၂၅၀၁၅၃၊ ၇၃၀၁၁၇၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ စိုက်ပျိုးသုတ
၄း၂၀ ၆။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀ ၇။ မျိုးချစ်တပ်မတော်
၄း၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
၄း၄၀ ၉။ မြန်မာစာ မြန်မာစကား (အပိုင်း-၈)
၅း၁၀ ၁၀။ ကြိုတင်တားဆီးရန်သူမီး
၅း၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၁၁)**
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅၂)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk Of The Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၅၁)**
၂၆။ Mini Series
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

ဆုချီးမြှင့်

လှည်းကူးမြို့နယ် အထက (အင်းတိုင်)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ငွေစံပယ်ခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်ညီညီဇော် (ရေကြောင်းတက္ကသိုလ်-ပထမနှစ်)အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦး ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

လှိုင်မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် အလယ်တန်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲတွင် ဒုတိယဆုရ ဆဋ္ဌမတန်းကျောင်းသူ မဆုရည်တာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

အော်ဂဲနစ်သီးနှံများကို ပြည်တွင်းပြည်ပဈေးကွက်သို့ တွင်တွင်ကျယ်ကျယ် ထိုးဖောက်ရောင်းချနိုင်ရန် လုပ်ဆောင်လာ

သတင်းဆောင်းပါး - ရဲဝင်းဆောင်(ကြေးမုံ) «» ဓာတ်ပုံ - ဇော်ဝင်း(ကြေးမုံ)

ပြည်တွင်း ပြည်ပ ဈေးကွက်များမှ ဝင်ရောက်လာသော သစ်သီးဝလံအချို့ကို စီစီရီရီ ခင်းကျင်းထားသည့် ဝယ်ချင်စဖွယ် မြင်ကွင်း။

ဓာတုပစ္စည်းများဖြစ်သည့် ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ အသုံးပြုခြင်းနှင့် မျိုးဗီဇမြှင့်တင်ခြင်း(Genetically modified)များ မပြုလုပ်ဘဲ သဘာဝအတိုင်း အနီးစပ်ဆုံးရရှိစေရန် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံ (အော်ဂဲနစ်သီးနှံ)များကို ဈေးကွက်ရရှိစေရန်နှင့် နိုင်ငံတကာသို့ထိုးဖောက်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အော်ဂဲနစ်သီးနှံစစ်စစ် ဖြစ်စေရန်အတွက် စိုက်ပျိုးရာ၌ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးတို့ကိုသာ အသုံးပြုရပြီး ဓာတုဆေးဝါးအသုံးပြုခြင်း ကင်းစင်စေရမည်ဖြစ်သည်။ စိုက်ပျိုးမည့်အပင်သည်လည်း မျိုးဗီဇမြှင့်တင်ထားခြင်း၊ မျိုးစပ်ထားသည့်စပ်မျိုးများ မဖြစ်စေဘဲ သဘာဝမျိုးအတိုင်းသာ စိုက်ပျိုးရန်လိုသည်။ ရိတ်သိမ်းခြင်း၊ ထုပ်ပိုးသယ်ဆောင်ခြင်း၊ ဈေးကွက်တင်ခြင်းတို့တွင်လည်း ဓာတုဗေဒဓာတ်ပစ္စည်းများ လွတ်ကင်းစေရန် အထူးဂရုပြု လုပ်ဆောင်ရသည်။ ထို့အပြင် အော်ဂဲနစ်သီးနှံဖြစ်ကြောင်း ထောက်ခံချက်ပေးနိုင်သည့် အဖွဲ့အစည်းတစ်ခုက စစ်ဆေးအတည်ပြုထောက်ခံပေးသည့် လက်မှတ်လည်း ပါဝင်ရမည်ဖြစ်သည်။ သို့မှသာ အော်ဂဲနစ်သီးနှံကို စားသုံးသူတို့ စိတ်ချယုံကြည်စွာ စားသုံးနိုင်မည်ဖြစ်သည်။

ကျန်းမာရေးအတွက် အထောက်အကူဖြစ်

အော်ဂဲနစ်သီးနှံများသည် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းစင်ရုံသာမက ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုသည်။ ထို့ကြောင့် ယနေ့ကာလတွင် အခြားသီးနှံများထက် အော်ဂဲနစ်သီးနှံများကိုသာ စားသုံးသူများက ပိုမို၍ အာရုံစိုက်လာနေပြီဖြစ်သကဲ့သို့ စိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့်လည်း ပြည်တွင်း ပြည်ပ ဈေးကွက်တွင် တွင်တွင်ကျယ်ကျယ် ထိုးဖောက်ရောင်းချနိုင်ရန် လုပ်ဆောင်လာနေပြီဖြစ်သည်။

“အစားအစာမှန်သမျှက တတ်နိုင်သမျှ သန့်နေဖို့လိုတယ်။ သစ်သီးဝလံ ဟင်းသီးဟင်းရွက်တွေကလည်း ပါးစပ်ထဲ ထည့်သွင်းစားရတဲ့အစာတွေဆိုတော့ အတတ်နိုင်ဆုံး သန့်ရှင်းနေဖို့လိုတယ်။ အဲဒီအစာတွေမှာ လူကို အကျိုးပြုတာရှိသလို လူ့အသက်အန္တရာယ်ကိုလည်း ထိခိုက်နိုင်တာတွေရှိတယ်။ အဲဒီတော့ လူကိုအကျိုးပြုမယ့် အစားအစာကိုပဲ လူအများစုက စားချင်ကြတယ်။ ရေကအစ သန့်ဖို့ကိုလိုလားကြတယ်”ဟု မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MFVP) လက်အောက်ရှိ မြန်မာအော်ဂဲနစ်စိုက်ပျိုးရေး အသင်းစု အထွေထွေအတွင်းရေးမှူး ဦးနှင်းဦးက ပြောကြားသည်။

ဓာတုသုံးသီးနှံများ

ယနေ့အချိန်တွင် ဓာတုဗေဒသုံး စားသောက်ကုန်များ တွင်ကျယ်စွာ ထုတ်လုပ် ရောင်းချနေခြင်းသည် ဝယ်လိုအားအပေါ်တွင် မူတည်နေသည်။ ဈေးကွက်လိုအပ်ချက်ကို အလျှဉ်မီဖြည့်ဆည်းပေးနိုင်ရန်အတွက် ထွက်နှုန်း၊ ထုတ်လုပ်မှုနှုန်း စသည့်အရေးအတွက်ကို ဦးစားပေးလုပ်ဆောင်ရသည့်အတွက် ထွက်နှုန်းကောင်းစေရန် ဓာတုဗေဒပစ္စည်းများကို စားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုလာကြခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် သတ်မှတ်ပမာဏအတိုင်းလုပ်ဆောင်ခြင်း၊ သတ်မှတ်အချိန်အတွင်း အသုံးပြုခြင်းသည် စားသုံးသူကို ဘေးဥပဒ်မဖြစ်စေသော်လည်း ထိုသို့လိုက်နာလုပ်ဆောင်ခြင်း မရှိသည့်အခါ စားသုံးသူများအတွက် အကျိုးဖြစ်ထွန်းမှုအပိုင်းတွင်မူ အားနည်းစေပြီး ကျန်းမာရေးကိုလည်း ထိခိုက်လာစေသည်။

ထို့ကြောင့် စားသုံးသူများ အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ စားသောက်နိုင်ရန်အတွက်ရည်ရွယ်၍ ဓာတုပစ္စည်းကင်းစင်သည့် စားသောက်ကုန်(အော်ဂဲနစ်)များကို စိုက်ပျိုးထုတ်လုပ်သူများက ဈေးကွက်တင်နိုင်ရန် ကြိုးစားလာကြခြင်းဖြစ်သည်။ ထိုအထဲတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များလည်း ပါဝင်နေသည်။

များမကြာမီကာလတွင် ဓာတုမြေသြဇာနှင့် ပိုးသတ်ဆေးအသုံးပြုစိုက်ပျိုးထုတ်လုပ်ထားသော သစ်သီးဈေးကွက်နေရာ၌ အော်ဂဲနစ်နည်းပညာအသုံးပြုစိုက်ပျိုးသည့် သစ်သီးဝလံများ ဝင်ရောက်လာတော့မည်ဖြစ်သည်။

ထိုသို့ သီးနှံများ ဓာတုပစ္စည်း ကင်းစင်စေရန်အတွက် နည်းပညာပိုင်းအရ ပံ့ပိုးမှုများ၊ စိုက်ပျိုးထုတ်လုပ်ခြင်းများကို MFVP လက်အောက်ရှိ မြန်မာအော်ဂဲနစ်စိုက်ပျိုးရေးအသင်းစုက လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

နည်းပညာဖြန့်ဝေ

“အော်ဂဲနစ် စိုက်ပျိုးရေးတွေ တိုးတက်အောင်ဆိုပြီး သင်တန်းတွေပေးနေတယ်။ အော်ဂဲနစ်ကို အသုံးပြုတဲ့အခါမှာ ထိထိရောက်ရောက် ထုတ်လုပ်နိုင်ဖို့အတွက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာမှာ အသုံးချရမယ့် နည်းပညာတွေ၊ အရည်အသွေးကောင်းပြီး အထွက်တိုးစေမယ့် နည်းပညာတွေ ဖြန့်ဝေပေးပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင်လည်း လုပ်ပေးသွားမှာ ဖြစ်တယ်”ဟု ဦးနှင်းဦးက အော်ဂဲနစ်သီးနှံ စိုက်ပျိုးခြင်းနှင့် ပတ်သက်ပြီး တောင်သူများအား သင်တန်းများပေးလျက်ရှိကြောင်းကို ပြောကြားသည်။

ထောက်ခံချက်ထုတ်ပေးနေ

ထို့ပြင် မြန်မာအော်ဂဲနစ် စိုက်ပျိုးရေးအသင်းစုက စိုက်ပျိုးသူတောင်သူများ၏ အော်ဂဲနစ်သီးနှံများသည် အော်ဂဲနစ်အစစ်အမှန်ဖြစ်ကြောင်း ထောက်ခံချက်ပေးသည့် လက်မှတ် (Organic Certification) များကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးထားသည့် အော်ဂဲနစ်သီးနှံများ ဈေးကွက်တွင် နေရာရရှိစေရန်အတွက်မှာ အော်ဂဲနစ်သီးနှံဖြစ်ကြောင်း ထောက်ခံချက်ပေးနိုင်သည့် အဖွဲ့အစည်းတစ်ခုက စစ်ဆေးအတည်ပြု ထောက်ခံပေးသည့် လက်မှတ် ပါဝင်ရမည်ဖြစ်သည်။ သို့မှသာ အော်ဂဲနစ်သီးနှံကို စားသုံးသူတို့ စိတ်ချယုံကြည်စွာ စားသုံးနိုင်မည်ဖြစ်ပြီး ဈေးကွက်တွင်လည်း ကျယ်ပြန့်စွာ ထိုးဖောက်ဝင်ရောက်နိုင်မည် ဖြစ်သည်။

နိုင်ငံတကာ အသိအမှတ်ပြုရေး

မြန်မာအော်ဂဲနစ်စိုက်ပျိုးရေးအသင်းစုအနေဖြင့် အော်ဂဲနစ်အစစ်အမှန် ဖြစ်ကြောင်း ထောက်ခံချက်ပေးသည့် လက်မှတ်ကို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်အဖြစ် ရရှိစေရန်လည်း ကြိုးပမ်းလျက်ရှိပြီး ယင်းလက်မှတ်ရရှိလာပါက မြန်မာ့အော်ဂဲနစ်သီးနှံများကို ကမ္ဘာကပါ အသိအမှတ်ပြုလာမည် ဖြစ်ကြောင်း၊ ထိုအခါ ပြည်ပဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အော်ဂဲနစ်သီးနှံစိုက်ပျိုးမှုတွင်လည်း များစွာတိုးတက်လာခဲ့သည်။ ယခင်က မြေလွတ်မြေရိုင်းများပေါ်တွင်ပင် အော်ဂဲနစ်သီးနှံကို စိုက်ပျိုးမည်ဆိုပါက အနည်းဆုံးမြေပြုပြင်ရန် တစ်နှစ်စောင့်ဆိုင်းရကြောင်း၊ ယခုအခါတွင်မူ မြေလွတ်မြေရိုင်းများပေါ်တွင် စိုက်ပျိုးမည်ဆိုပါက စောင့်ဆိုင်းစရာမလိုဘဲ တိုက်ရိုက်စိုက်ပျိုးနိုင်ပြီး ဓာတ်မြေသြဇာအသုံးပြုထားသည့် မြေပေါ်တွင် စိုက်ပျိုးမည်ဆိုပါက သုံးနှစ်သာ စောင့်ဆိုင်းရကြောင်း၊ ထိုသုံးနှစ်အတွင်းတွင်လည်း သီးနှံစိုက်ပျိုးခြင်းဖြင့် အသွင်ကူးပြောင်းရေးကာလကို ဖြတ်ကျော်ရသည့်အတွက် တောင်သူများ စိုက်ပျိုးရေးအပိုင်းတွင် ထိခိုက်မှုမရှိကြောင်း၊ ယင်းအသွင်ကူးပြောင်းရေးကာလတွင် အသွင်ကူးပြောင်းရေးကာလ လက်မှတ်ကိုလည်း မြန်မာအော်ဂဲနစ် စိုက်ပျိုးရေးအသင်းစုက ထုတ်ပေးထားသည့်အတွက် ထိုကာလတွင် စိုက်ပျိုးသူများအနေဖြင့် သာမန်စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးကောင်းသည့် သီးနှံများ ဖြစ်ကြောင်း ထောက်ခံချက်တစ်ခု ရရှိမည်ဖြစ်ရာ ယခင်ထက် အကျိုးကျေးဇူး ပိုမိုရရှိမည်ဖြစ်ကြောင်း ဦးနှင်းဦးက ရှင်းလင်း ပြောကြားသည်။

အော်ဂဲနစ်အစစ်အမှန်ဖြစ်ဖို့

တောင်သူများ အော်ဂဲနစ်သီးနှံကို စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေသြဇာကင်းစင်ရုံမျှဖြင့် အော်ဂဲနစ်ဟု ခေါ်ဆိုနိုင်ခြင်းမဟုတ်ဘဲ စိုက်ပျိုးလိုက်သည့်သီးနှံ အော်ဂဲနစ်အစစ်အမှန်ဖြစ်ကြောင်းကို Third Party ဟု ခေါ်ဆိုသည့် အာမခံချက်ပေးနိုင်သည့်အဖွဲ့အစည်းတစ်ခု၏ ထောက်ခံချက်ပါရမည်ဖြစ်သည်။

ထိုသို့ ထောက်ခံပေးရာတွင်လည်း အော်ဂဲနစ်သီးနှံတစ်ခုတွင် ရှိသင့်ရှိထိုက်သည့်အရည်အသွေးများ ပြည့်ဝစေရန် စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ပြီးမှ ထောက်ခံပေးခြင်းဖြစ်သည့်အတွက် ထိုထောက်ခံချက်ပါရှိသည့် သီးနှံများသည် ပြည်သူများ ယုံကြည်စိတ်ချစွာ စားသုံးနိုင်သည့် အော်ဂဲနစ် သီးနှံများဖြစ်သည်။ Third Party တစ်ခုဖြစ်သည့် မြန်မာအော်ဂဲနစ် စိုက်ပျိုးရေးအသင်းစုအနေဖြင့် ထိုသို့ ထောက်ခံချက်ရရှိစေရန် လုပ်ဆောင်ပေးလျက်ရှိပြီး အော်ဂဲနစ်သီးနှံများ ပြည်တွင်းပြည်ပဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

အလက(၃) အထက(ခွဲ) ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၏ ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသားတစ်ဦးအား အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(စစ်ဆေးရေး) ဆရာကြီး ဦးအေးလွင် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(ပညာရေး)

ဂုဏ်ပြုဆုချီးမြှင့်

အမက(၃၈) သာကေတ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်မောင်ဝင်း စတုတ္ထတန်းတွင် ပထမရရှိသူ မဝိုင်းစက်စက်မင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ဆိပ်ကမ်းမြို့နယ်တို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က လမ်းသစ်လမ်းရှိ ခရီးသည်နားနေဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်သင်းဌေးရွှေ မီးလောင်ရခြင်းအကြောင်းနှင့် အသက်အန္တရာယ် ကင်းရှင်းရေးအတွက် ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးစဉ်။ (ကြေးမုံ)

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ကွာတားဖိုင်နယ်

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမပြိုင်ပွဲတွင် ချန်ပီယံ နီလာဝင်း(မြန်မာ)က Kavindiya DE SILVA (သီရိလင်္ကာ)ကို နှစ်ပွဲပြတ်ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲ သို့တက်ကာ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီတွင် MOLLOGODA (သီရိလင်္ကာ) နှင့် ပထမအကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဒုတိယပြိုင်ပွဲ (2nd Tournament)၏ ဒုတိယနေ့ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ၄၈ ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ရှစ်ပွဲအနက် ငါးပွဲကျင်းပပြီးစီးပြီး ကျန်ပြိုင်ပွဲများ ကျင်းပစဉ် မမျှော်လင့်ဘဲ မိုးရွာချလိုက်၍ ဇန်နဝါရီ ၃၁ရက်သို့ ရွှေ့လိုက်ရသည်။

ITF 14 & Under Asian Championships 2011 Group(2)တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ(2nd Tournament) တတိယနေ့ပြိုင်ပွဲများကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ပညာရှင်များ ကန်တော့ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူး၍ သတ္တမအကြိမ် အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ဘူမိဗေဒဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ သက်ကြီးဘူမိဗေဒပညာရှင်များကန်တော့ပွဲကို ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ Excel Treasure Hotel Jade ခန်းမ၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

အခမ်းအနားတွင် ဒုတိယအကြိမ် သက်ကြီးဘူမိဗေဒပညာရှင်များ ကန်တော့ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ Dr. တင်ဌေးမူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် သက်ကြီးဘူမိဗေဒပညာရှင် ၅၁ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်ကြသည်။ ဆက်လက်၍ သက်ကြီးဘူမိဗေဒပညာရှင်များဖြစ်ကြသည့် ဒေါက်တာညီညီ၊ ဦးသန်းဌေး၊ ဦးတင်အောင်၊ ဒေါက်တာဦးသိန်းနှင့် ဦးသန်းဘိုတို့က ဩဝါဒစကားပြောကြားသည်။

ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူးဦးအေးလွင်က အသင်းနှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

တာမွေမြို့နယ် အမက(၃၄)၌ ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆု ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မဝင့်ရတနာလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဆွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃၀

ဓာတ်ခွဲကျွမ်းကျင်(၃) ဓာတ်ခွဲစစ်ဆေးသူ(ပ)တန်း ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်ရာ Technician ကြီး/ငယ်အားလုံး တက်ရောက်ကြရန်နှင့် အလှူငွေလှူဒါန်းလိုပါက ဦးကြည်လှ(NHL) ဖုန်း-၀၉-၅၀၄၇၈၂၁၊ ဦးထွန်းရွှေ(NHL) ဖုန်း-၇၃၀ ၄၃၈၄၁၊ ဒေါ်သန်းသန်းနွဲ့(ပညောင်) ဖုန်း-၀၉-၅၁၆၈၃၀၁၊ဦးစိုးလွင်ဦး(YGH) ဖုန်း-၇၃၀၈၁၇၇၊ ဦးတိုးနိုင် ဖုန်း-၀၉-၈၆၄ ၀၇၀၉၊ ဦးဒူးကြုံ(ရှမ်း/မြောက်) ဖုန်း-၀၉-၅၂၃၂၅၃၁၊ ဦးစောရှိန်ဝင်း(ဘားအံ) ဖုန်း-၀၉-၅၆၆၀၉၃၂၊ ဦးကျော်မြင့်(မန္တလေး) ဖုန်း-၀၂၉၁၀၃၅၊ ဒေါ်ဘီစန္ဒီ(ရှမ်း/တောင်) ဖုန်း-၀၉-၅၂၄၂၃၆၉နှင့် ဒေါ်တင်ရွှေ(မော်လမြိုင်) ဖုန်း-၀၉-၄၉၈၁၅၈၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

Treasure Engineering Group မှ Dual Gasifier မီးဖို တီထွင်ထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၃၀

Treasure Engineering Group မှ တီထွင်ထုတ်လုပ်ထားသည့် Dual Gasifier မီးဖိုကို ဈေးကွက်အတွင်းသို့ စတင်ဖြန့်ဖြူးလျက်ရှိသည်။

အဆိုပါ မီးဖိုမှာ လောင်စာတစ်မျိုးတည်းကိုသာ အသုံးပြုပြီး Gas ထုတ်၍ မီးဖိုနှစ်ခု သို့မဟုတ် သုံးခုတို့ကို တစ်ပြိုင်နက်တည်း ချက်ပြုတ်ကြော်လှော် အသုံးပြုနိုင်သည်။ ထို့အပြင် မီးဖိုရှိ Boiler ကို အသုံးပြု၍ ရေနွေးငွေ့ဖြင့် ထမင်း၊ ပေါက်စီ၊ ဒင်းဆမ်း၊ ဖက်ထုပ် အစရှိသည်တို့ကိုပါ ထုတ်လုပ်နိုင်သဖြင့် လောင်စာဆုံးရှုံးမှုကို သက်သာစေသည်။

ရေနွေးတစ်အိုးကျိုမည်ဆိုပါက ရေနွေးတစ်အိုးသာ ရရှိမည်ဖြစ်သော်လည်း Treasure မှ ထုတ်လုပ်သော Dual Gasifier မီးဖိုဖြင့် အသုံးပြုပါက ရေနွေးအိုးဆူစေသောမီး(လောင်စာ)ဖြင့် Gas ထုတ်၍ ထွက်ရှိလာသော Gas ဖြင့် ချက်ပြုတ်ကြော်လှော်အသုံးပြုနိုင်သဖြင့် လောင်စာကုန်ကျမှုကို ထက်ဝက်ခန့် လျှော့ချနိုင်သည်။

Dual Gasifier မီးဖိုကို အသုံးပြုခြင်းကြောင့် လောင်စာလေလွင့်မှုမရှိခြင်း၊ တည်ဆောက်ထားသည့် Design မှာ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေခြင်းတို့ကို တွေ့ရှိရမည် ဖြစ်သည်။ ထို့အပြင် မီးတောက်ကိုလိုအပ်သလို ချိန်ညှိပေးနိုင်ပြီး LPG ကဲ့သို့ လွယ်ကူစွာအသုံးပြုနိုင်သည်။ စွန့်ပစ်မီးသွေး (နံပြားလုပ်ရာတွင် အသုံးပြုသည့်မီးသွေး)သို့မဟုတ် လွှစာမှုန့်လောင်စာတောင့် ငါးပိဿာခန့်ကို တစ်ကြိမ်ထည့်ထားပြီး အသုံးပြုပါက ၈ နာရီမှ ၁၂ နာရီခန့်အထိကြာအောင် ဆက်တိုက်ချက်ပြုတ် အသုံးပြုနိုင်သည်။

ထို့အပြင် စွန့်ပစ်ပစ္စည်းများဖြစ်သည့် အမှိုက်၊ စပါးခွံ၊ ပဲအမျိုးမျိုးအခွံ၊ အပင်၊ လွှစာမှုန့်၊ စက္ကူ၊ သစ်ရွက်ခြောက် အစရှိသည့် လောင်စာအခြောက်များကိုလည်း အသုံးပြုနိုင်သည်။

Dual Gasifier မီးဖိုကို စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များ၊ ဆေးရုံများ၊ ဘော်ဒါဆောင်များ၊ စက်ရုံများ၊ လူအများအတွက်စားသောက်ဖွယ်ရာများ ချက်ပြုတ်ထုတ်လုပ်ရာနေရာများတွင် လွယ်ကူစွာ အသုံးပြုနိုင်သည်။ ဝယ်ယူသူများအတွက် လက်တွေ့သရုပ်ပြရှင်းလင်းပြသမည်ဖြစ်ပြီး ဆားဗစ်စင်တာကိုပါ ထားရှိသည်။

Dual Gasifier မီးဖိုကို ဝယ်ယူလိုပါက အမှတ်(၁၁၃၅) ချင်းတွင်းလမ်း (၆၃)ရပ်ကွက် စက်မှုဇုန်(၂) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် အမှတ်(၆၂) တော်ဝင်လမ်း ဘောဂရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၉၄၃၁၈ နှင့် ၀၉-၈၅၆၁၉၀တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဈေးကွက်အတွင်း စတင်ဖြန့်ဖြူးလျက်ရှိသည့် Treasure Engineering Group မှ တီထွင်ထုတ် လုပ် သည့် Dual Gasifier မီးဖိုကိုတွေ့ရစဉ်။ (သတင်းစဉ်)

ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများ လျှော့စားပါ။ (တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်။)
၃။ အမျှင်များသော အသီးအနှံ၊ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများ စားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စီမံထားသော အစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅	၈။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၃၀	၉။	အဆိုပြိုင်ပွဲ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၀၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၂၅	၈။	မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၅)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၇။	"ကမ္ဘာကျော်သရုပ်ဆောင်များ" (အပိုင်း-၉)
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၂၈)**
	၁၉။	အစီအစဉ်ပြီး၏။

Wash N' Care Linen Rental & Commercial Laundry Services Center ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

Hanse Care & Clean Services Co., Ltd. ၏ Wash & Care Linen Rental & Commercial Laundry Services Center ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒူးဆစ် အင်းလျားကန်ဟိုတယ်ဝင်းရှိ Services Center ၌ ကျင်းပသည်။

ရှေးဦးစွာ ဧည့်သည်တော်များအား လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် ဝန်ဆောင်မှုများ၊ နောက်ဆုံးပေါ်နည်းပညာဖြစ်သည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော၊ လျင်မြန်သက်သာလွယ်ကူသော၊ စွမ်းအင်သုံးစွဲမှု သက်သာစေသော Lagoon Wet Cleaning System အကြောင်းကို ရှင်းလင်း သရုပ်ပြသည်။

ယင်းနောက် ဧည့်သည်တော်များသည် Hanse Care & Clean Services Co., Ltd . က Hotel, Restaurant, Club House များသို့ ငှားရမ်းခြင်း ဝန်ဆောင်မှုပေးသော အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ မျက်နှာသုတ်ပဝါ၊ စားပွဲခင်း၊ လက်သုတ်ပဝါနှင့် ထိုင်ခုံအစွပ်များ လျှော်ဖွပ်ပုံ၊သိမ်းဆည်းပုံ၊ ထုပ်ပိုးပုံအဆင့်ဆင့်တို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Hanse Care & Clean Services Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းဌေးက အမှာစကားပြောကြားပြီး Electrolux Asia Pacific Office ဒါရိုက်တာက Electrolux ၏ ကမ္ဘာတစ်ဝန်း၌ ကုမ္ပဏီရုံးခွဲများ၊ ကိုယ်စားလှယ်များထားရှိပြီး လုပ်ငန်းသုံး အဝတ်လျှော်စက်၊ အခြောက်စက်၊ မီးပူတိုက်စက်များ ထုတ်လုပ်ရောင်းချနေမှုများကို လည်းကောင်း၊ Dealer Manager က Electrolux Professional Laundry System နှင့် သမားရိုးကျ Dry Cleaning System မှ Wet Cleaning System သို့ ပြောင်းလဲတီထွင်မှုကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ပြည်တွင်းဟိုတယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်အတန်းမြှင့်တင်နိုင်ရန်အတွက် လိုအပ်သည့် Commercial Laundry Service ကဏ္ဍကို ထောက်ကူဖြည့်စွက်ခြင်း၊ တစ်ဦးချင်းအတွက်လည်း ရေဖြင့် လျှော်၍မရသော Dry Cleaning Only ဆိုသည့် အဖိုးတန်အဝတ်အစားများကို Wet Cleaning Systemဖြင့် လျှော်ဖွပ်နိုင်ရန် ပံ့ပိုးပေးနိုင်ပြီဖြစ်သည်။

Hanse Care & Clean Services Co., Ltd. ၏ Wash N' Care Linen Rental & Commercial Laundry Services Center ကို ပြည်တွင်းဈေးကွက်အတွက် ဖွင့်လှစ်မိတ်ဆက်ပေးခြင်း ဖြစ်သည်။ (သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်း

စာဆိုတော်နေ့အခမ်းအနားနှင့် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တာမွေမြို့နယ်၏ ၁၃၇၂ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အခမ်းအနားနှင့် မြို့နယ်လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ သဘာပတိ ဦးမောင်ကလေး(သောကြာဦးမောင်ကလေး)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို အမှုဆောင်ကော်မတီဝင် ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်)တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌမှ ပေးပို့သော ၁၃၇၂ ခုနှစ် စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနေလင်း (လူနေလင်း)က ဖတ်ကြားပြီး ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ညီလာခံကိုယ်စားလှယ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင် (စိုးအောင်)က ရှင်းလင်းတင်ပြပြီး နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာကို အတွင်းရေးမှူး ဦးမျိုးတင့် (မောင်နေသွင်)က ဖတ်ကြားအစီရင်ခံကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (ကြေးမုံ)

ဇန်နဝါရီ ၃၀ ရက်က ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သန်း(ငြိမ်း)က အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုငွေ ချီးမြှင့်စဉ်။ (သတင်းစဉ်)

အထက်ပိုင်းဒေသများ ညအပူချိန်အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟဲဟိုးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၅၉ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၃၁ ရက် ညနေထိခန့်မှန်းချက် ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ကောင်းကင်ကိုကိုအား ကျောင်းအုပ်ဆရာကြီး ဦးဝေမြင့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

Networking သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

NetInfo နည်းပညာသင်တန်းကျောင်းသည် ပြည်တွင်း၊ ပြည်ပတွင် Computer Networking နည်းပညာဖြင့် အလုပ်အကိုင်ရှာဖွေလိုသူများနှင့် ဆက်သွယ်ရေးနည်းပညာ ကုမ္ပဏီ၊ ဘဏ်များ၊ အင်တာနက်အခြေပြု စီးပွားရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်နေသော နည်းပညာဝန်ထမ်းများအတွက် နိုင်ငံတကာ အသိအမှတ်ပြု Cisco CCNA နှင့် Microsoft MCITP Networking သင်တန်းများကို တန်းခွဲသစ်နှစ်ခု ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

Cisco CCNA သင်တန်းတွင် Enterprise နှင့် Cooperate Level ၌ အသုံးပြုကြသော အဆင့်မြင့် Cisco Router, Cisco Switch များ၏ Function များ၊ Configuration များ အကြောင်း အခြေခံကျကျသိရှိနားလည်စေမည်ဖြစ်ပြီး ၎င်း Device များကို လက်တွေ့ကိုင်တွယ်သုံးစွဲ၍ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ Microsoft MCITP သင်တန်းတွင် ကမ္ဘာအနှံ့ လူသုံးအများဆုံးဖြစ်သော Windows Server 2008 ကို အခြေခံမှစ၍ သင်ကြားပေးမည်ဖြစ်ပြီး NetInfo နည်းပညာသင်တန်းကျောင်း၌ ကိုယ်ပိုင်တည်ဆောက်ထားသော Windows Server များကို လက်တွေ့လေ့လာသင်ယူရမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာတက္ကသိုလ် ကျောင်းသားများ၊ IDCS, IAD ရရှိပြီးသူများ၊ တက်ရောက်နေသူများ၊ ပြည်ပတွင် Computer Networking ပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ အထူးတက်ရောက်သင့်သည်။ အကယ်၍ လိုအပ်သော ကွန်ပျူတာအခြေခံမရှိပါကလည်း Basic Networking သင်တန်းကို တက်ရောက်ပြီး အဆိုပါသင်တန်းများကို ဆက်လက်တက်ရောက်နိုင်ရန် စီစဉ်ပေးထားသည်။ သင်တန်းများကို ဖေဖော်ဝါရီ ၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်တက်ရောက်နိုင်သည်။

သင်တန်းပြီးဆုံးပါက မိမိတို့၏ ကိုယ်ရေးမှတ်တမ်းများနှင့် Certificate များကို ပေးထားလျှင် ကုမ္ပဏီများသို့ ဆက်လက်ပေးပို့ခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက NetInfo နည်းပညာသင်တန်းကျောင်း အဆောင် (၂) အခန်း (၁) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၅၊ ၆၅၂၂၉၁နှင့် ၆၅၂၂၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ဒွန်းတဘက်ကျေးရွာစာကြည့်တိုက် စာအုပ်စာစောင်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

မော်လမြိုင်ကျွန်းမြို့နယ် ဒွန်းတဘက်ကျေးရွာ ပညာရွာကျေးလက်စာကြည့်တိုက် သုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား၊ စာအုပ်စာစောင်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ပညာရွာစာကြည့်တိုက်၌ ကျင်းပရာ စာအုပ်စာစောင်အလှူရှင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဒီဇိုင်းပညာရှင် ဦးဝင်းမြင့်ဦး လှူဒါန်းသော သုတရသစာအုပ်စာစောင် ၅၅၀ နှင့် မော်လမြိုင်ကျွန်းမြို့ တပင်ရွှေထီးလမ်းနေ မဖြိုးဝေဝေအောင် လှူဒါန်းသော သုတရသစာအုပ်စာစောင် ၅၀ တို့အား အလှူရှင်များကိုယ်စား ပညာရွာစာကြည့်တိုက် အကျိုးတော်ဆောင် ဦးလှသန်းနှင့် ဦးအောင်မောင်းတို့က စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကံညွန့်ထံ

ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** ထို့နောက် စာပေဟောပြောပွဲတွင် စာရေးဆရာ ဦးဝင်းမောင်(ကြည်တိုး)က ဗဟုသုတရှာဖွေ လေ့လာခြင်း အကြောင်းကို လည်းကောင်း၊ စာရေးဆရာ ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က စာပေရေစီးကြောင်းထဲက ကျွန်တော် အကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြသည်။ (၃၆၄)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာပို့စ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချီလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် တစ်နိုင်ငံလုံးတွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီးရေ တိုးပွားနေ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုဂရုစိုက်ရန်လိုအပ်၊ ကမ္ဘာတစ်ဝန်း ၂၀၀၃ မှ ၂၀၁၁ ဇန်နဝါရီ ၁၃ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ၆၃ နိုင်ငံဖြစ်ပွား၊ ၁၅ နိုင်ငံ၌ လူ ၅၁၇ ဦးသို့ ကူးစက်ပြီး ၃၀၆ ဦးသေဆုံး၊ ဗဟန်းရွှေဂုံတိုင်မီးပွိုင့်၌ ယာဉ်လေးစီးချိတ်မိပြီး စူပါဝါဝါအရောင်းပြခန်းထဲဝင်တိုက်မှု ယာဉ်မောင်းအား ဖမ်းဆီးအရေးယူထား စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ တရုတ်ကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ဟန်းဆက်များ ရောင်းချမည်၊ ဒီဇယ်စက်ခေါင်းများဖြင့် မောင်းနှင်နေသောရထားများ ရေခိုးတင့်ဖြင့် မောင်းနှင်ရန်စီစဉ်၊ အထပ်မြင့်အဆောက်အအုံများနှင့် သိထားသင့်သော မြေလျှင်ကြိုတင်ကာကွယ်မှုများ စသည့် မျက်နှာဖုံးသတင်းများနှင့် မောင်ဝံသ၊ မောင်သိန်းညွန့် (ကော့ကရိတ်)၊ ရဲမြင့်သိန်း၊ အောင်ဇေတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများ ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အနုပညာသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ မှုခင်းသတင်းများ၊ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး မြန်မာ-ကမ္ဘောဒီးယား ပူးပေါင်းဆောင်ရွက်မည်၊ အာဆီယံစားနပ်ရိက္ခာ လုံခြုံမှုသတင်းအချက်အလက် စီမံကိန်းတွင် မြန်မာပါဝင်ဆောင်ရွက်၊ မဲခေါင်မြစ်ထိန်းသိမ်းရေး၌ မြန်မာနိုင်ငံပူးပေါင်းဆောင်ရွက်မှုက အဓိကကျ၊ ကျောင်းသားမိဘဈေးသည် ၁၀ ဦးအား ကျောင်းရန်ပုံငွေထဲမှ ကျပ်ငါးသိန်းထုတ်ချေး သားသမီးပညာရေးအထောက်အကူပြုရေး ရည်ရွယ်စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကော့သောင်း ဆီအုန်းခြံ၊ ဆီကြိတ်စက်ရုံ စက်ရုံမှူး ဦးဇော်မိုးခိုင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်မိုး မိသားစုက အောက်ဆီဂျင်အိုးတစ်စုံ ပေးအပ်လှူဒါန်းရာ တာဝန်ခံဆရာဝန် ဒေါက်တာစိုင်းခမ်းခေး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

တာမွေ အမက(၇) ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း တာမွေတွင် ပညာသင်ယူခဲ့သူများအနက်မှ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုပွဲကျင်းပမည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးထား၍ ကျောင်းအုပ်ဆရာမကြီး အမက(၇) တာမွေ ဖုန်း-၀၉-၉၉၂၀၅၅၂ သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ် (၅)၏ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် ကာယစွမ်းရည်ပြိုင်ပွဲတွင် အကြိုဝတ်ပြိုင်ပွဲ၌ ဒုတိယဆုရ မောင်ဝသုန်မိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဒါရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)



ကြီးအုံကြီး၀ ရေလှောင်တမံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် ဤကဲ့သို့ စက်ယန္တရားကြီးဖြင့် တည်ဆောက်နေကြစဉ်။

✤ ရွှေဖုံးမှ

ရေအားလျှပ်စစ် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းများအားလုံးကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၃)က တာ၀န်ယူဆောင်ရွက်လျက်ရှိပေသည်။

မိမိတို့သတင်းအဖွဲ့သည် မင်းဘူးမြို့ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးရုံးမှ မင်းဘူး-အမ်းလမ်းအတိုင်း ထွက်ခွာလာခဲ့ပြီး ပုသိမ်-မုံရွာလမ်းမကြီး အတိုင်း ထပ်မံလာခဲ့ပြီး ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ရောက်ရှိခဲ့ကြသည်။

ရေလှောင်တမံစီမံကိန်းနယ်မြေတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်၊ ဦးစီးအရာရှိ ဦးသိန်းမြင့်နှင့် ဦးသောင်းမြင့်တို့ကို တွေ့ဆုံခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာရာ တမံသည် မုန်းချောင်းကို ပိတ်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာ ၁၉၅၉ စတုရန်းမိုင်ရှိသည်။ ဆည်မှ စိုက်ပျိုးရေကို မဲဇလီဆည်ထဲသို့ လွှတ်ပေးမည်ဖြစ်ပြီး စိုက်ပျိုးဧက ပိုမိုများပြားလာမည်ဖြစ်ကြောင်း သိရသည်။ ဆည်မြောင်းရေပေးနိုင်မည့် ဧရိယာ ၉၆၇၇၇ ဧက ဖြစ်ပြီး လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ထည့်သွင်းပေးမည်ဖြစ်သည်။ စီမံကိန်းကို ၂၀၁၁ ခုနှစ် ဇွန်လတွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း၊ ယခုအခါ ၈၀ ရာခိုင်နှုန်းနီးပါး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မုန်းချောင်း၏ လက်ဝဲဘက်ကမ်းနှင့် လက်ယာဘက်ကမ်းနှစ်ဖက်လုံးမှ ဝင်နိုင်ရန် ချဉ်းကပ်လမ်းနှစ်လမ်း ဖောက်လုပ်ခဲ့ကြပြီး လက်ယာဘက်အ၀င်လမ်း ၈ ဒသမ ၅ မိုင်နှင့် လက်ဝဲဘက်အ၀င်လမ်း ၇ ဒသမ ၅ မိုင်ရှိသည်။ ကြီးအုံကြီး၀ ရေလှောင်တမံ တည်ဆောက်မည့်နေရာ၏ ချောင်းပိုင်းတွင် ရေစိမ့်ယိုမှုမှ ကာကွယ်ရန် အလျား ၈၈၅ ပေ၊ အနက် ၅၁ ပေနှင့် ထု ၂ ပေရှိ ကွန်ကရစ်နံရံကြီးအား T.M.W စက်ဖြင့် ၂၀၀၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ကြီးအုံကြီး၀ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါ၀င်တည်ဆောက်နေကြသော အလုပ်သမားများအတွက် အခြေခံစားကုန်များ သက်သာချောင်ချိသော နှုန်းထားများဖြင့် ရောင်းချပေးပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးနေကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးသည် မများမကြာသောကာလအတွင်း ပြီးစီးတော့မည်ဖြစ်၍ ဆည်ရေကိုထိန်းညှိလွှတ်ပေးပြီး မကွေးတိုင်းဒေသကြီး အနောက်ဘက်ဒေသများ စိုက်ပျိုးဧကတိုးတက်လာပြီး လျှပ်စစ်ဓာတ်အားပိုမိုရရှိခံစားရ၍ ပိုမိုစိမ်းလန်းသာယာလျက် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တန်ဖိုးမဖြတ်နိုင်သော စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်း POWER HOUSE ပြီးစီးမှုကို တွေ့ရစဉ်။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

အထက(၂) ကြည့်မြင်တိုင် စာကြည့်တိုက်သို့ အထောက်အကူပြုပစ္စည်း၊ စာအုပ်စာစောင်နှင့် အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၀

စာဖတ်ရှိန်မြင့်မားရေးအတွက် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အထက (၂) ကြည့်မြင်တိုင် ကျောင်းစာကြည့်တိုက်သို့ အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယင်းကျောင်းရှိ ထီးတန်းခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က ကျောင်းစာကြည့်တိုက်အတွက် အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းရာ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရဲသွေး **(အောက်ပုံ)**နှင့် တာဝန်ရှိသူများက လက်ခံယူသည်။

ယင်းနောက် စာရေးဆရာ မောင်ကျေးဇူးက စာဖတ်ခြင်းအကျိုး ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် စုပေါင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၅၄၆)

သဃ်န်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဗိုလ်ကလေးတင့်အောင်၊ မနုဿကျော်ဝင်းနှင့် အကြည်တော်တို့က ဟောပြောကြမည်ဖြစ်ရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဠာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဆွမ်းတစ်နပ်ရဲ့ တန်ဖိုး"တရားတော် (ဆရာတော်အရှင်ဩဘာသသိရီ)
၆း၄၀	ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(ဇာတ်သိမ်းပိုင်း)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၁၇)
၈း၄၀	လပြည့်ဝန်းသို့ တမ်းချင်းည Live Show(Part-1)
၉း၁၅	မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်လှုပ်ရှားမှုများ
၉း၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားရောဂါအကြောင်း သိကောင်းစရာ)
၁၀း၂၀	Activities In The City (အမက(၁) ဗဟန်း၏ စုံညီပွဲတော်)
၁၀း၃၀	၁၉၆၇-၇၁ ပညာသင်နှစ် စီးပွားရေးတက္ကသိုလ် အာစရိယ ပူဇော်ပွဲအခမ်းအနား
၁၁း၀၀	MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ(အပိုင်း-၃)
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	Activities In The City (SILKPRO SHAMPOO & SILKBATH မိတ်ဆက်ပွဲအခမ်းအနားနှင့် အထူးဈေးရောင်းပွဲတော်)
၁၂း၂၅	အနာဂတ်၏ရတနာများ မွေးထုတ်ပေးမည့် ရွှေစစ်သည်ရွာမှ စာသင်ကျောင်း
၁၂း၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "နယူးမော်ဒယ်(လ်)ရုပ်ရှင်ဇာတ်ကား ပရိုမိုးရှင်းအခမ်းအနား"
၁း၀၀	"ဆွမ်းတစ်နပ်ရဲ့ တန်ဖိုး"တရားတော် (ဆရာတော်အရှင်ဩဘာသသိရီ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင် (ချိုတဲ့ပြည်ပန်းညို) (အကယ်ဒမီခင်စိုးပိုင်၊ နှင်းနန္ဒာအေး၊ မန်းဝင်း၊ စံလင်း၊ ဟေမာမန်းဝင်း၊ စိုးလင်းဦး၊ ချစ်ပြုံး)[ဒါရိုက်တာ- ကြည်သာ(ပွဲကြိုက်ခင်)]
၂း၂၅	လင်းလက်မှုများနှင့် ရှင်သန်စေချင် ငွေကျားတိုက်၏ ဂုဏ်ပြုအစီအစဉ်
၃း၀၅	အထက(၁) ရန်ကင်း ကျောင်းသား၊ ကျောင်းသူများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
၃း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(ဇာတ်သိမ်းပိုင်း)
၄း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၁၇)
၄း၅၀	စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Sunday Talk [မာရဂျ(အောင်နိုင်)၊ မျိုးမြတ်သူ]
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၁)**
၇း၂၅	လပြည့်ဝန်းသို့ တမ်းချင်းည Live Show(Part-2)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ငွေနောက်လိုက်တာကောင်းတယ်၊ ငွေနောက်မလိုက်တာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၁၈)**
၁၀း၀၀	ဗီဒီယိုပြခန်း
၁၀း၂၅	အနုပညာမိုးကောင်းကင်
၁၀း၅၀	နှင်းပွင့်လေးတွေနှင့် တွဲဖက်ဆွယ်တာလေးတွေ စွဲမက်
၁၁း၀၀	International Show Biz
၁၁း၂၀	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ(တတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၁၁း၃၅	ဈေးဝယ်လမ်းညွှန် (ကေခိုင်ထွန်းပိုးထည်)
၁၂း၀၀	မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကို သုံးကြစို့
၁၂း၁၀	မျက်ရည်စက်များကင်းစေချင် (နေအောင်၊ ချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ)[ဒါရိုက်တာ- တင်အောင်ရွှေ(သုတေသီ)]
၁၂း၄၅	မြို့ပြနှင့် ဘောလုံးယဉ်ကျေးမှု
၁း၂၀	သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁း၃၅	နှလုံးသားရဲ့ ခံစားမှုတိုင်းကို မှတ်တမ်းတင်စေမယ့် 7 Picture
၂း၀၀	RO ဆိုတဲ့ KTM
၂း၂၅	တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၂း၅၀	မြိုင်ရာဇာတွတ်ပီနှင့် အနောဖလီး
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့် အားကစား)
၄း၂၀	မြန်မာ့လက်မှု အနုလက်ရာစုံစွာ. . .
၄း၃၀	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၄း၅၀	ရတနာရွှေသိုက်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မကွေး F.C နှင့် ရောဝတီယူနိုက်တက် F.C နိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၃၀

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ မကွေး F.C နှင့် ရောဝတီယူနိုက်တက် F.C တို့ နိုင်ပွဲများဆက်ခဲ့သည်။

(သုဝဏ္ဏကွင်း)

မကွေး F.C - တစ်ဂိုး

(ဇော်မင်းထွန်း)

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

မကွေး F.C မှာ နှစ်ပွဲဆက် အနိုင်ရရှိခဲ့သော်လည်း နိုင်ပွဲရရှိရန် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ ရှုံးပွဲဆက်နေသည့် ဇွဲကပင်ယူနိုက်တက်အသင်း၏ ကြိုးစားယှဉ်ပြိုင်မှုကြောင့် မကွေး F.C မှာ ခက်ခဲစွာ ကစားခဲ့ရပြီး တစ်လုံးတည်းသော ဂိုးဖြင့်သာ ပွတ်ကာသီကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မကွေး F.C မှ နိုင်လင်းထွန်း၏ ထိုးဖောက်မှုကို ဇွဲကပင် နောက်ခံလူများ ဖျက်ထုတ်နေစဉ်။

နိုင်ပွဲဆက်ရန်အတွက် မကွေးအသင်းမှာ အဘိုလာဂျီ၊ ရှိဒရီဂူ၊ ဘိုဘိုအောင်တို့ဖြင့် လူစုံထုတ်ကစားခဲ့ပြီး ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ သို့သော် ဇွဲကပင်ယူနိုက်တက်အသင်း၏ ခံစစ်ကစားပုံအမှားမရှိခြင်းကြောင့်လည်း မကွေး

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

အသင်းမှာ အနိုင်ရရှိရန် ခက်ခဲခဲ့ရပြီး ၆၂ မိနစ်မှသာ အနိုင်ဂိုး ရရှိခဲ့သည်။ ထောင့်ကန်ဘောမှ လျှံထွက်လာသောဘောလုံးကို ဇော်မင်းထွန်းက ပယ်နယ်တီစည်းထိပ်မှ မနားတမ်း ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အနိုင်ရလဒ်ကြောင့် မကွေးအသင်းမှာ ကမ္ဘောဇ၊ ရောဝတီယူနိုက်တက်တို့နှင့် (၇)မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ပဌမနေရာ၌ ရပ်တည်နေသည်။

(အောင်ဆန်းကွင်း)

ရောဝတီယူနိုက်တက် -သုံးဂိုး

(မင်းမင်းထွန်း၊ဂျူပီတာနှင့် အောင်ကျော်မျိုး)

ရက္ခပူရယူနိုက်တက် -ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

Southern Myanmar - မနောမြေ

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မင်းစောမွန်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နေမှုကို အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကတ္တရာခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (လမ်း၊ တံတား) ဒေါ်တင်မိုးမြင့် ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးရာ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ရှင်းလင်းတင်ပြစဉ်။ (၁၀၇)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်သော လိပ်ဥကုန်းတံတားပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းဇော်ဦးနှင့်အဖွဲ့ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၃ ရက်က အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်အောင်ဖြိုး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာ အားကစားသတင်းများ

နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

စိုးတင့်နိုင်

ဆောက်သမ်တန်နှင့်ပွဲမှ နည်းစနစ်အမှားများကို ဖာဂူဆန်ဝန်ခံ

မန်ချက်စတာ ဇန်နဝါရီ ၃၀

မန်ယူမန်နေဂျာ ဆာအဲလက်စ် ဖာဂူဆန်က ဆောက်သမ်တန်နှင့် ကစားသည့် FA ဖလားပွဲတွင် အနိုင်ရရန် ရုန်းကန်ခဲ့ရမှုနှင့် ပတ်သက်ပြီး သူ၏နည်းစနစ်အမှားများကို ဝန်ခံသွားခဲ့သည်။

ဆာအဲလက်စ် ဖာဂူဆန်။

ခက်ခဲ

ဆောက်သမ်တန်ကို ၂-၁ ဂိုးဖြင့် အနိုင်ရခဲ့သောပွဲ၏ ပထမပိုင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းသည် ပုံမှန်မဟုတ်သည့် ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ပြိုင်ဘက်အသင်းကို ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရသည်။

ဒုတိယပိုင်းတွင် အိုဝင်နှင့် ဟာနန်ဒက်ဇ်တို့ ဂိုးသွင်းနိုင်ခဲ့၍သာ မန်ယူ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

"တကယ်တော့ ကွင်းလယ်မှာ စိန်ပွင့်ပုံ ကစားကွက်ကို ပုံဖော်ဖို့ ကျွန်တော်တို့ ကြိုးစားခဲ့တာပါ။ ဒါပေမယ့် ကျွန်တော်တို့က ဖြန့်ကစားတဲ့ပုံစံကို အရိုးစွဲနေပါပြီ။ ဒါက ကျွန်တော်တို့အတွက် ပြဿနာတစ်ရပ်ပါပဲ"ဟု ဖာဂူဆန်က ဆိုသည်။ **အင်တာနက်။**

တောရက်စ်ကိုခေါ်ယူရန် ပေါင်သန်း ၅၀ အပြင် အနယ်လ်ကာပါ ပေးရမည်ဟု လီဗာပူးတောင်းဆို

လီဗာပူး ဇန်နဝါရီ ၃၀

လီဗာပူးအသင်းက ဖာနန်ဒိုတောရက်စ်အား ဝယ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ အပြင် နီကိုလက်စ် အနယ်လ်ကာကိုပါ ထပ်ပေးရမည်ဟု အပြောင်းအရွှေ့ကာလကုန်ခါနီးစဲစဲ၌ ချယ်လ်ဆီးအသင်းအား ပြောကြားလိုက်သည်။

ကမ်းလှမ်း

သောကြာနေ့ညတွင် တောရက်စ်က အသင်းပြောင်းရွှေ့လိုခွင့်စာကို တင်ပြခဲ့ရာ လီဗာပူးအသင်းက ပယ်ချလိုက်သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းက တောရက်စ်အား ခေါ်ယူရန် ပေါင်သန်း ၄၀ အပြင် အင်္ဂလန်အသင်း (၂၁)နှစ်အောက် တိုက်စစ်မှူး ဒယ်နီယယ်လ်စတားရစ်ချ်ပါ ထပ်ပေးမည်ဟု ဒုတိယအကြိမ် ကမ်းလှမ်းခဲ့သည်။

လီဗာပူးအသင်း တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်။

တောရက်စ်သည် လီဗာပူးအသင်းနှင့် ကာလရှည်စာချုပ်ချုပ်ဆိုထားပြီး စာချုပ်ချုပ်ဆိုစဉ် ပြုလုပ်ထားသည့် ကတိကဝတ်နှင့် ၎င်းကို ထောက်ခံသူများအား လေးစားသင့်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားသည်။

တောရက်စ်နှင့် ချုပ်ဆိုထားသည့် စာချုပ်မှာ ၂၀၁၃ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ယခုဝယ်ယူမည်ဆိုပါက ပေါင်သန်း ၅၀ ပေးရမည်ဟု တောင်းဆိုထားသည်။ တောရက်စ်ကလည်း နောက်ရာသီအစတွင် လီဗာပူးအသင်းတွင် ကစားတော့မည်မဟုတ်ဟု ဆုံးဖြတ်ချက်ချထားပြီးကြောင်း ပြောကြားသွားသည်။

အင်တာနက်။

ဩစတြေးလျအိုးပင်းတင်းနစ် ဗိုလ်လုပွဲ ဆားဗီးယားသား ဂျိုကိုဗစ် ဗိုလ်စွဲ

မဲလ်ဘုန်း ဇန်နဝါရီ ၃၀

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ယနေ့ကျင်းပသော ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပွဲစဉ် နောက်ဆုံးဗိုလ်လုပွဲတွင် ဆားဗီးယားနိုင်ငံသား နိုဗက်ဂျိုကိုဗစ်က ၎င်း၏ပြိုင်ဘက် ဗြိတိန်နိုင်ငံသား အင်ဒီမာရေးကို ၆-၄၊ ၆-၂၊ ၆-၃ဖြင့် လက်စွမ်းပြအနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးသွားသည်။

ဂျိုကိုဗစ်အနေဖြင့် ဩစတြေးလျအိုးပင်းတင်းနစ်ချန်ပီယံဘွဲ့ကို ၂၀၀၈ ခုနှစ်ကလည်း တစ်ကြိမ် ဆွတ်ခူးထားပြီးဖြစ်ရာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်သကဲ့သို့ ဗြိတိန်အနေဖြင့်လည်း ဂရင်းဆလမ်ခေါ် ကြီးလေးကြီးတင်းနစ်ပြိုင်ပွဲများတွင် အမျိုးသားတစ်ဦးချင်းအနေဖြင့် ၇၅ နှစ်ဆက်တိုက် ချန်ပီယံ မိုးခေါင်ရခြင်းပင် ဖြစ်သည်။

အသက် (၂၃)နှစ်အရွယ် ဗြိတိန်သား အင်ဒီမာရေးသည် ယခုနောက်ဆုံး ဗိုလ်လုပွဲကို နှစ်နာရီနှင့် ၃၉ မိနစ်ကြာ ရုန်းကန်ခဲ့ရပြီးနောက် ဂျိုကိုဗစ်အား အရှုံးပေးလိုက်ရခြင်းဖြစ်သည်။ မာရေးအနေဖြင့် ယခုအရှုံးသည် ဂရင်းဆလမ် ဗိုလ်လုပွဲများတွင် တတိယအကြိမ်မြောက် အရေးနိမ့်ရခြင်းဖြစ်သည်။ မာရေးသည် ၂၀၀၈ ယူအက်စ်အိုးပင်းနှင့် ၂၀၁၀ ဩစတြေးလျအိုးပင်းတို့တွင် ရော်ဂျာဖက်ဒါးရားကို ရှုံးနိမ့်ခဲ့ရဖူးသည်။

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်မှ အင်ဒီမာရေးကို အနိုင်ယူ ဗိုလ်စွဲခဲ့သည့် ဆားဗီးယားမှ ဂျိုကိုဗစ်အား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

ရင်ဆိုင်ဖြတ်ကျော်

ဂျိုကိုဗစ်သည် ယခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲသို့ တက်ရောက်ရာ လမ်းတစ်လျှောက် ဆီမီးဖိုင်နယ်၌ ရော်ဂျာဖက်ဒါးရားကို ယှဉ်ပြိုင်အနိုင်ယူခဲ့ခြင်းအပါအဝင် ပြိုင်ဘက်ကောင်းများနှင့် ရင်ဆိုင်ဖြတ်ကျော်ခဲ့ရသည်။ (ကြေးမုံ)

မြေယာရှင်း ဆောင်ရွက်

အင်းတော် ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် ကုန်သည်လမ်းဘေး သစ်တောဝင်းရှေ့ ကျောက်စီမြေယာရှင်းဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်ဦးက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီက ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက်ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၂)ကို ဇန်နဝါရီ ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မအိ၊ မောင်ဟေမာ၊ ကျော်ဝင်းမောင်(ကျောက်မဲ)၊ မုံရွာဝင်းဖေတို့၏ ကဗျာများ၊ ရွှေကိုဦး၊ မောင်မောင်ညွှက်၊ မင်းဇော်ဦးတို့၏ ကာတွန်းလက်ရာများ၊ ဓမ္မာစရိယ ဦးခင်မောင်၊ ခင်မြန်မာ၊ အရှင်ပါမောက္ခ(ကြို့ပင်ကောက်)၊ မောင်ချိုဝေ၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ ကောင်းသန့်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ပါစီမျိုးမြင့်၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ဒေါက်တာဒေါ်စိုးသူ၊ ခင်ပန်နှင်း၊ တက္ကသိုလ်စိုးယဉ်၊ မိချမ်းဝေ၊ တက္ကသိုလ်ညိုသန့်၊ တင်ထွန်းဦး(ယဉ်ကျေးမှု)၊ နဒီထိုက်၊ ဝင်းယုမောင်၊ ဆောင်းဝင်းလတ်၊ မောင်မြတ်မွန်(ဆူးလေ)၊ နွေသင်နိုင်၊ နိုင်နိုင်၊ မေပြည့်ဝင်း၊ မနွယ်(ကလော)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် အယ်ဒီတာ၏ ရန်ကုန်ခရီးသွားသတင်းများ၊ ကျော်ဌေး(ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး(မိုးမိတ်)၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့်ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဆာဟာရသဲကန္တာရမှထုတ်ယူမည့် နေရောင်ခြည်စွမ်းအင်ဖြင့် ကမ္ဘာ့လျှပ်စစ်ဓာတ်အား လိုအပ်ချက်၏ထက်ဝက်ကို ထောက်ပံ့ပေးမည်

တိုကျို ဇန်နဝါရီ ၂၀

ဆာဟာရသဲကန္တာရကို ကမ္ဘာ့စွမ်းအင်အရင်းအမြစ်တစ်ရပ်အဖြစ်သို့ ပြောင်းလဲနိုင်စေမည့် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းတစ်ရပ်ကို ဂျပန်နှင့် အယ်လ်ဂျီးရီးယား တက္ကသိုလ်များမှ သိပ္ပံပညာရှင်များက အကောင်အထည်ဖော်ရန် ပြင်ဆင်လျက်ရှိကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆာဟာရ သဲကန္တာရသည် နေရောင်ခြည်စွမ်းအင် အရင်းအမြစ်ပေါကြွယ်ဝပြီး ၂၀၅၀ ခုနှစ်ထက် နောက်မကျဘဲ ကမ္ဘာ့လျှပ်စစ်ဓာတ်အား လိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနိုင်ရန် သိပ္ပံပညာရှင်များက ရည်မှန်းချက်ချမှတ်ထားသည်။

ဆာဟာရ သဲကန္တာရသည် ကမ္ဘာပေါ်ရှိ သဲကန္တာရများအနက် အကြီးဆုံးဖြစ်သည်။

သိပ္ပံပညာရှင်များသည် ဆာဟာရသဲကန္တာရအတွင်း နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး စက်ရုံများကိုသာမက သဲကန္တာရမှထုတ်ယူနိုင်မည့်သဲများကိုအသုံးချကာ ဆီလီကွန်ထုတ်လုပ်ရေး စက်ရုံများကိုလည်း ထူထောင်သွားမည်ဖြစ်သည်။

ဆာဟာရသဲကန္တာရမှ ထုတ်ယူသော စွမ်းအင်ကို ဆူပါကွန်ဒတ်တာများ အသုံးပြုသော ဒီစီဓာတ်အားလိုင်းများဖြင့် ကမ္ဘာတစ်ဝန်းသို့ ထောက်ပံ့ပေးနိုင်ရန် ရည်မှန်းထားသည်။

ဂျပန်သိပ္ပံပညာရှင်များ ဦးဆောင်လျက် ဆာဟာရသဲကန္တာရစွမ်းအင်ထုတ်လုပ်ရေး စီမံကိန်းအတွက် သုတေသနလုပ်ငန်းများကို ၂၀၁၀ ခုနှစ်မှ စတင်ကာ ပြုလုပ်လျက်ရှိသည်။

ဆာဟာရသဲကန္တာရ၏ သဲများကို အသုံးချကာ အဆင့်မြင့်နည်းပညာသုံး ဆူပါကွန်ဒတ်တာများ ထုတ်လုပ်မည်ဖြစ်ပြီး ဒီစီဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးပို့မည်ဖြစ်သည်။

ယင်းစွမ်းအင် စီမံကိန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများကို လေ့ကျင့်ပေးနိုင်ရန်လည်း ရည်ရွယ်သည်။ ***အင်တာနက်။***

ဆာဟာရသဲကန္တာရအတွင်း နေရောင်ခြည် စွမ်းအင်ထုတ်လုပ်ရန် ဂျပန်သိပ္ပံပညာရှင်များ ဦးဆောင်ကာ သုတေသန ပြုလုပ်လျက်ရှိသည်။
(ဓာတ်ပုံ-အင်တာနက်)

စွမ်းအင်ရင်းမြစ် အင်တာနက်သတင်း

ဘာသာပြန် သတင်းလုလင်

ယနေ့ ပြည်တွင်းပြည်ပအားကစားသတင်းများ

မကွေး F.C နှင့် ရောဝတီ ယူနိုက်တက် F.C နိုင်ပွဲဆက်

စာမျက်နှာ - ၁၀

ဆောက်သမ်တန်နှင့်ပွဲမှ နည်းစနစ် အမှားများကို ဟာဂူဆန်ဝန်ခံ

စာမျက်နှာ - ၁၀

ဩစတြေးလျ အိုးပင်း တင်းနစ်ပိုလ်လုပွဲ ဆားဗီးယားသား ဂျိုကိုဗစ် ပိုလ်စွဲ

စာမျက်နှာ - ၁၀

ထူးခြားသည့် ညအပူချိန်များ (၁၀-၁-၂၀၁၁)

ဟဲဟိုး	နမ့်စန်
၁ ဒီဂရီစင်တီဂရိတ်	၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	ပင်လောင်း
၂ ဒီဂရီစင်တီဂရိတ်	၃ ဒီဂရီစင်တီဂရိတ်
လားရှိုး	မိုးကုတ်
၃ ဒီဂရီစင်တီဂရိတ်	၃ ဒီဂရီစင်တီဂရိတ်